# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသောကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့။ Monday, 4 October 2021 ၁၀၅၁၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

### ဒေသတွင်းထုတ်ကုန်ပစ္စည်းများ အဆင့်မီပြီး အရည်အသွေးပြည့်ဝသည့် Quality Product များဖြစ်အောင် ဆောင်ရွက်ကြစေလို

## မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များ၏ အနာဂတ်တွင် တစ်ဦးချင်း၊ ဒေသနှင့် တိုင်းပြည်အတွက် ကောင်းမွန်သည့် လမ်းကြောင်းများပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ရမည်

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် မိတ်ဆက်ပေးပြီး ဒေသခံ မြို့မိမြို့ဖများက တစ်ဦးချင်း ပြန်လည်မိတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

### ကြေးမုံ ယနေ့ ဖတ်စရာ


**ဇာတိချက်ကြွေ မွေးရပ်မြေကို ချစ်ကြသည်ဟု ဆိုရာဝယ်**

စာမျက်နှာ » ၆



**မြို့ပြနှင့်ကျေးလက် တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာစေရန် အထောက်အကူပြုမည့် တိုင်းရန်ကုန်မှ ကျေးလက်လမ်း၊ တံတားများ**

စာမျက်နှာ » ၁၀



**ရသစုံလင် ပြုံးပျော်ရွှင်**

စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# လူသားအရင်းအမြစ်ပေါ်ထွက်ရေး ပညာရည်မြှင့်တင်

ပညာသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသည့်အရင်းအမြစ်ဖြစ်သည်။ ပညာသည် လူ့ဘဝမြင့်မားတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ တွေးခေါ်ဆင်ခြင်ဉာဏ်မြင့်မားတိုးတက်အောင် ပညာကိုအခြေခံ၍ စဉ်ဆက်မပြတ်ကြိုးစားအားထုတ်ရသည်။ စဉ်ဆက်မပြတ်သင်ယူနိုင်ရန်အတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တတ်မြောက်အောင် လေ့လာဆည်းပူးကြရသည်။ နိုင်ငံတိုင်းသည် နိုင်ငံသားတိုင်း ပညာသင်ကြားနိုင်ရေးကို ဦးစားပေးဆောင်ရွက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာ ၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ပြောကြားခဲ့သည်။ ရှမ်းပြည်နယ်သည် သာယာလှပပြီး ရေခံ၊ မြေခံ၊ ရာသီဥတုအခြေခံကောင်းများနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝသောပြည်နယ်ဖြစ်သည်။ အခြေခံကောင်းများရှိသော်လည်း ရှမ်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ များစွာရှိနေသည်။ အဓိကမှာ ပြည်နယ်အတွင်း လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရေးဖြစ်သည်။ ယင်းအချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်အသိပေးခဲ့သည်။

ရှမ်းပြည်နယ်တွင် အဆင့်မြင့်ပညာသင်ကြားနိုင်သည့် တက္ကသိုလ်ဇုန် လေးဇုန်ရှိသည်။ တက္ကသိုလ်များတွင် စီးပွားရေးနှင့် ဥပဒေဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားသည်။ ရှမ်းပြည်နယ်အတွင်းရှိ တက္ကသိုလ်များတွင် ပညာသင်ကြားခြင်းဖြင့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်သည်။ သင်ကြားတတ်မြောက်လာသောပညာများသည် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည်။ ထို့ကြောင့် အဆင့်မြင့်ပညာများကို ဒေသခံတိုင်းရင်းသားလူငယ်များ တက်ရောက်သင်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာအဆင့်တွင် အဆင့်ဆင့်တက်ရောက်သင်ယူအောင်မြင်ပြီးမြောက်ရေးသည် အရေးကြီးသည်။

အခြေခံပညာကို ၂၀၀၉ ခုနှစ်မှစ၍ စဉ်ဆက်မပြတ် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများသည် ယခုအခါတွင် အဆင့်မြင့်ပညာကို တက်ရောက်သင်ယူနေပြီဖြစ်သည်။ သို့သော် အခြေခံပညာသင်ကြားသူတိုင်း တက္ကသိုလ်သို့ ရောက်မလာခဲ့ပေ။ ရှမ်းပြည်နယ်အတွင်း ၂၀၀၉ ခုနှစ်တွင် သူငယ်တန်းတက်ရောက်ခဲ့သောကလေး ၁၁၂၁၄၅ ဦးရှိသည်။ အဆိုပါတက်ရောက်သူကလေးငယ်များအနက် ပထမတန်းသို့ တက်ရောက်သောကလေးငယ်များမှာ ၁၀၁၄၂၈ ဦးရှိသဖြင့် ၈၄ ရာခိုင်နှုန်းရှိသည်။ မူလတန်းမှ အလယ်တန်းသို့ တက်ရောက်သည့် ပဥ္စမတန်းတက်ရောက်ချိန်တွင် ကျောင်းသား ကျောင်းသူ ၆၄၀၀၀ သာရှိတော့သဖြင့် ၅၂ ရာခိုင်နှုန်းသာ ပညာသင်ကြားနိုင်တော့သည်ကို တွေ့ရသည်။ အလယ်တန်းမှ အထက်တန်းပညာသင်ကြားသည့်အဆင့် နဝမတန်းရောက်ချိန်တွင် ကျောင်းသား ကျောင်းသူ ၄၁၀၀၀ သာရှိပြီး ပညာသင်ကြားမှု ၃၄ ရာခိုင်နှုန်းသာ ရှိတော့သည်။ ဒသမတန်းတွင် တက်ရောက်ပညာသင်ကြားသူများမှာ ၃၇၀၀၀ ရှိရာ ကျောင်းတက်နှုန်း ၃၀ ရာခိုင်နှုန်းရှိပြီး ဒသမတန်းအောင်မြင်ပြီးမြောက်သူမှာ ၉၆၀၀ သာ အောင်မြင်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၉၃ ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် ရှမ်းပြည်နယ်၌ ပညာရေးဘက်တွင် အားနည်းမှုရှိနေသဖြင့် ပညာရေးကို အခြေခံပညာအဆင့်မှစတင်၍ အားပေးကြရန်လိုအပ်နေသည်။

အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အလားတူပင် ပညာရေးအားနည်းမှု၊ အဟောသိကံဖြစ်မှုများကို ကြားသိနေရသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရွယ်ရောက်သူတိုင်းကျောင်းနေရေး၊ ကျောင်းနေသူတိုင်း အတန်းစဉ်တက်ရေးကို အားပေးကူညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်နေသော်လည်း ကျောင်းမနေသောသူ၊ အတန်းစဉ်မတက်နိုင်ဘဲ တစ်ဝက်တပျက်နှင့် ကျောင်းထွက်လိုက်ရသော ကလေးသူငယ်အမြောက်အမြားကို တွေ့ရှိနေရသည်။ ကလေးများ၏အနာဂတ်အတွက် စိတ်မကောင်းစရာဖြစ်သလို နိုင်ငံ၏အနာဂတ်အတွက်လည်း အားနည်းချက်များ ဖြစ်ပေါ်လျက်ရှိသည်။ ရှမ်းပြည်နယ်ကဲ့သို့ ပြည်နယ်များအဖို့ စာသင်ကျောင်းများ ဝေးလံခြင်းထက် ဆင်းရဲနွမ်းပါးမှုနှင့် အသိပညာဗဟုသုတ နည်းပါးမှုတို့သည် အဓိကအကြောင်းအချက်ဖြစ်သည်။ ပညာမသင်၍ ဒေသမဖွံ့ဖြိုး၊ ဒေသမဖွံ့ဖြိုး၍ စီးပွားရေးမပြေလည်၊ စီးပွားရေးမပြေလည်၍ ပညာမသင်၊ အသိပညာနှင့်ဝေးသည့်သံသရာတွင် လည်ပတ်လျက်ရှိသည်။ ပညာရေးအားနည်းချက်ရှိသဖြင့် ဒေသလူမှုစီးပွားတိုးတက်ရေးကို ဆောင်ရွက်နိုင်သောအရင်းအမြစ်များ လိုအပ်နေသည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်လူရွယ်များ အသိပညာဗဟုသုတပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန်အတွက် အခြေခံပညာမှစပြီး အဆင့်မြင့်ပညာအထိ သင်ယူနိုင်သော လူငယ်လူရွယ်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ပွင့်လှလေးကျေးရွာ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

တောင်တွင်းကြီးမြို့နယ် ပွင့်လှလေးကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်းတွင် ငမင်းချောင်းတောင်ကျရေ သုံးပေခန့် ဝင်ရောက်လာမှုကြောင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများကို ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်ကျရေ ဝင်ရောက်မှုကြောင့် ဒေသကြက် အကောင် ၅၀ နှင့် ဘဲအကောင် ၂၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သုံးမွှာပူးမွေးဖွားသော မိခင်အား အသုံးအဆောင်နှင့် အလှူငွေများပေးအပ်

**ကျောင်းကုန်း အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက မြို့နယ်ပြည်သူ့ဆေးရုံ၌ သုံးမွှာပူးမွေးဖွားသော မိခင်အား ယနေ့မွန်းလွဲပိုင်းက အဝတ်အစားများ၊ အသုံးအဆောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

**ကျန်းမာရေးကောင်းမွန်**

အဆိုပါ သုံးမွှာပူးကလေးများကို စက်တင်ဘာ ၂၆ ရက် ညနေပိုင်းက အောင်မြင်စွာ ခွဲစိတ်မွေးဖွားနိုင်ခဲ့ရာ ကျားတစ်ဦးနှင့် မနှစ်ဦးဖြစ်သည်။ လက်ရှိတွင် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း ကျန်းမာရေးဌာနမှ သိရသည်။



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်နှင့် အဖွဲ့ဝင်များက အဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဦးဉာဏ်လင်းဦး-ဒေါ်မာမာခိုင် (မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)က ငွေကျပ်ငါးသောင်း၊ ဦးကျော်သန်း-ဒေါ်ခင်ခင်ကျော့ (ကေဇော်စက်ပစ္စည်းအပိုဆိုင်)က ငွေကျပ် ငါးသောင်းတို့ကိုလည်း ထပ်မံလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ငေါ့ချမ်းချောင်းကူးတံတား တည်ဆောက်ပြီးစီး



**ချီဖွေ အောက်တိုဘာ ၃**

ကချင်ပြည်နယ် ချီဖွေမြို့နယ် ကန်းဖန့်ကျေးရွာအုပ်စုအတွင်းရှိ မီရှီးတီးကျေးရွာအဝင် ငေါ့ချမ်းချောင်းကူး နှစ်လွှာတစ်ထပ် ပေ ၁၆၀ ဘေလီတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၆၀ ဒသမ ၇၅၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

**များစွာအကျိုးပြု**

အဆိုပါ ဘေလီတံတားတည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ကန်းဖန့်ကျေးရွာအုပ်စုအတွင်းရှိ ကန်းဖန့်ကျေးရွာ၊ မီရှီးတီးကျေးရွာ၊ ငွါးဖခါးကျေးရွာ၊ ဟီကြာဘူကျေးရွာ၊ လာဘိုးလိုကျေးရွာများရှိ အိမ်ထောင်စု ၅၁၅ စု၊ လူဦးရေ ၃၃၂၁ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများကို များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - | ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် | - | ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | ဒီဇိုင်း | | |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင် |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံရေးနှင့် ဝန်ထမ်းတာဝန် မရောရန်လို

**ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်ပြီး ဥပဒေပြင်ပသို့ရောက်ရှိသွားသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ထိုကဲ့သို့ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်အတွက် စိတ်ရှည်သည်းခံစွာဖြင့် မိမိတို့၏သဘောထားများအား ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ လက်ရှိဥပဒေအတွင်း တာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏စီမံအုပ်ချုပ်မှုအောက်တွင် မှန်မှန်ကန်ကန်ဖြင့် နိုင်ငံအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံ့ဝန်ထမ်းများအားလုံးအား ဆန္ဒမဲပေးပိုင်ခွင့်ပေးထားပြီး နိုင်ငံရေးအရ လွတ်လပ်ခွင့်ပေးပြီးဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် ဝန်ထမ်းတာဝန် မရောရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒေသခံမြို့မိမြို့ဖတစ်ဦးက တင်ပြဆွေးနွေးစဉ်။

❒ ရှေ့ဖုံးမှ

ယင်းနောက် ရပ်မိရပ်ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များက အောင်ပန်းမြို့နှင့် ကလောမြို့အကြားတွင် ယာဉ်ရပ်နားစခန်းတစ်ခု တည်ဆောက်ပေးရန်လိုအပ်မှု၊ ကလောမြို့အတွက် သောက်သုံးရေလုံလောက်စွာရရှိရေး ရေအရင်းအမြစ်များ ရှာဖွေဆောင်ရွက်ပေးရန် လိုအပ်မှု၊ ဒေသအတွင်း ကျေးရွာချင်းဆက်လမ်းများ၊ မြို့တွင်းလမ်းများပြင်ဆင်ပေးရန်နှင့် ဖောက်လုပ်ဆဲဖြစ်သည့် အောင်ပန်း-အင်းတိန်ဘုရားသွား ကားလမ်းအား ဆက်လက်ဆောင်ရွက်ပေးမည်ဆိုပါက ခရီးသွားလုပ်ငန်းနှင့် လူနေမှုစနစ်တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်မှု၊ အောင်ပန်းမြို့တွင် လူဦးရေ ထူထပ်များပြားလာပြီး ပွဲရုံလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ များပြားလာသည့်အတွက် မြို့ကွက်များ စနစ်တကျဖြစ်အောင် စီမံဆောင်ရွက်ပေးရန် လိုအပ်မှု၊ နန်းတိုင်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးရန်အတွက် အဆင့်မြင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများအား ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှု၊ ကလောမြို့မှထွက်ရှိသည့် စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းတိုးစေရန်နှင့် အရည်အသွေးပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးနည်းပညာနှင့်သက်ဆိုင်သည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုမှု၊ တိုင်းရင်းသားများ စာပေသင်ကြားရေးနှင့်ပတ်သက်၍ ဆရာ ဆရာမများအား သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်မှု၊ အချို့ကျေးရွာများတွင် လမ်းပန်းဆက်သွယ်မှုနှင့် လျှပ်စစ်မီးရရှိရန် လိုအပ်နေမှုစသည့် အခြေအနေများနှင့် အခြားလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်မည်ဆိုပါက အထွက်နှုန်းတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနည်းပညာများ တတ်ကျွမ်းစေရေးအတွက် စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့်ကျောင်းများ ဖွင့်လှစ်ပေးထားကြောင်း၊ ပညာတတ်ကျွမ်းစေရန်အတွက်လည်း ပညာများအား အမှန်တကယ်သင်ကြားကြရန်လိုပြီး လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အားငယ်သည့်စိတ်ဖြင့် ဆောင်ရွက်ခြင်းမရှိဘဲ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းရင်းသားစာပေသင်ကြားရေးအတွက် ဖြစ်အောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများကလည်း သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သည်များ ဆွေးနွေးခဲ့ကြသည်။

**အပန်းဖြေမြို့တော်များဖြစ်စေရေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့တာဝန်ယူချိန်ကာလအတွင်း ကလောမြို့နယ်နှင့် အောင်ပန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ကလောမြို့သည် မြန်မာနိုင်ငံ၏ တောင်ပေါ်အပန်းဖြေ မြို့တစ်မြို့ဖြစ်ပြီး ပူတာအို၊ ပြင်ဦးလွင်၊ ဟားခါး၊ သံတောင်ကြီး၊ ကလော စသည့်မြို့များကို တောင်ပေါ်အပန်းဖြေမြို့တော်များဖြစ်စေရေး လုပ်ဆောင်လျက်ရှိကြောင်း၊ ကလောမြို့အား အပန်းဖြေမြို့အဖြစ် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်သာယာလှပရေး ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့သို့လာရောက်ရာ လမ်းကြောင်းတစ်လျှောက်တွင် ထင်းရှူး၊ ခါတော်မီ၊ စိန်ပန်း၊ ချယ်ရီ အစရှိသည့် မျက်စိပသာဒကို ဖြစ်စေနိုင်သည့် အပင်များဖြင့် အလှဆင်စိုက်ပျိုးထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လမ်းများကိုလည်း အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ မြို့သာယာလှပရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်သကဲ့သို့ မြို့နေပြည်သူများအနေဖြင့်လည်း မိမိတို့အိမ်နှင့် ပတ်ဝန်းကျင်များအား သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝအလှ၊ ဖန်တီးသည့်အလှများ၊ ဒေသခံတို့၏ ဖော်ရွေသည့် စိတ်သဘောထားများကြောင့် မြို့၏ဂုဏ်သတင်းမွှေးပျံ့လာပြီး ပြည်တွင်း၊ ပြည်ပမှ လာရောက်အပန်းဖြေသူများ များပြားလာနိုင်ကာ ဝင်ငွေများရရှိ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သဘာဝအလှတရားများကို ဖန်တီးပေးရန်လိုပြီး ခရီးသွားများကို အမြင်၊ ရနံ့၊ ဒေသထွက် ထုတ်ကုန်များဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ကလောကိုအခြေပြု၍ မြင်းတိုက်နှင့် ဟဲဟိုးကြား ကျောက်မီးသွေးခေါင်းတွဲဖြင့် မီးရထားခရီးစဉ်၊ ပြင်ဦးလွင်ကိုအခြေပြု၍ ဇီးပင်ကြီးနှင့် နောင်ချိုကြား အပန်းဖြေခရီးစဉ်များ ပြေးဆွဲရန် စီစဉ်နေကြောင်း။

အောင်ပန်းမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ စီးပွားရေးမြို့တစ်မြို့ဖြစ်ကြောင်း၊ ယခင်က မြို့ပြတည်ဆောက်ရေးအား စနစ်တကျဆောင်ရွက်ခဲ့ခြင်း မရှိခဲ့သဖြင့် မြို့အကွက်ကျမှုစနစ်အားနည်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေနေရာများအား စနစ်တကျဖြင့် ထည့်သွင်းတွက်ချက်တည်ဆောက်ရန် လိုပြီး တစ်ဖက်မှလည်း ရေဖူလုံစွာရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့လည်း လိုအပ်မည်ဖြစ်ကာ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာများနှင့် ဒေသခံပြည်သူများ ပေါင်းစပ်ဆောင်ရွက်သွားရန် လိုကြောင်း။ စာမျက်နှာ ၄ သို့ ❒

- ကလောမြို့သည် မြန်မာနိုင်ငံ၏ တောင်ပေါ်အပန်းဖြေ မြို့တစ်မြို့ဖြစ်ပြီး ပူတာအို၊ ပြင်ဦးလွင်၊ ဟားခါး၊ သံတောင်ကြီး၊ ကလော စသည့် မြို့များကို တောင်ပေါ်အပန်းဖြေ မြို့တော်များဖြစ်စေရေး လုပ်ဆောင်လျက်ရှိ
- ကလောမြို့အား အပန်းဖြေမြို့အဖြစ် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်သာယာလှပရေး ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လို
- သဘာဝအလှတရားများကို ဖန်တီးပေးရန်လိုပြီး ခရီးသွားများကို အမြင်၊ ရနံ့၊ ဒေသထွက် ထုတ်ကုန်များဖြင့် ဆွဲဆောင်နိုင်ရမည်
- ကလောကို အခြေပြု၍ မြင်းတိုက်နှင့် ဟဲဟိုးကြား ကျောက်မီးသွေး ခေါင်းတွဲဖြင့် မီးရထားခရီးစဉ်၊ ပြင်ဦးလွင်ကို အခြေပြု၍ ဇီးပင်ကြီးနှင့် နောင်ချိုကြား အပန်းဖြေ ခရီးစဉ်များ ပြေးဆွဲရန် စီစဉ်နေ

❒ စာမျက်နှာ ၃ မှ

ဒေသနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်သည့် ဒေသတစ်ခုဖြစ်ပြီး အဓိကအားဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအား အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စားသုံးသူများ၏ လက်ဝယ်သို့လည်း အမြန်ဆုံးရောက်ရှိရန်လိုကြောင်း၊ အချို့သစ်သီးဝလံများကို တာရှည်ခံစေရန်အတွက် အခြောက်ခံခြင်း၊ ယိုထိုးခြင်း၊ ဖျော်ရည်ပြုလုပ်ခြင်း စသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ပြောင်းလဲထုတ်လုပ်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များဖြင့်သာ ကျေနပ်နေ၍မရဘဲ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြု၍ အထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် လုပ်ဆောင်ကြစေလိုကြောင်း၊ ကြက်၊ ဝက်၊ နွားမွေးမြူရေးများ စနစ်တကျဆောင်ရွက်ပြီး ဥ၊ အသား ထုတ်လုပ်ရေးအပြင် ဇီဝခတ်မြေဩဇာရရှိရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုသို့ လုပ်ဆောင်နိုင်ရေးအတွက် အတတ်ပညာ၊ အသိပညာဖြင့် ပြည့်စုံသည့် ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း ပညာရေးအားနည်းမှုများရှိကြောင်း၊ ပညာရေးအားနည်းရခြင်းသည် ငွေကြေးအခက်အခဲရှိခြင်း၊ မိဘများ၏ လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရခြင်းများကြောင့်ဖြစ်ကြောင်း၊ အထက်တန်းပညာနှင့် အဆင့်မြင့်ပညာများ သင်ကြားရန် မဖြစ်မနေလိုအပ်ပြီး တက္ကသိုလ်ပညာ သင်ကြားရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အဆင့်မြင့်အတန်းပညာ တတ်မြောက်သူအရေအတွက်သည် ရာခိုင်နှုန်းအရ အလွန်နည်းပါးနေကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာများ နည်းပါးပြီး စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အတွေ့အကြုံမှလွဲ၍ အဆင့်မြင့်နည်းပညာများ တတ်ကျွမ်းမှုမရှိကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုပြီး မိမိတို့၏ကလေးများ၏ ပညာသင်ကြားရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း။

- ဟဲဟိုးလေဆိပ်အား နိုင်ငံတကာလေဆိပ်အဖြစ်သို့ အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလေဆိပ်မှတစ်ဆင့် ဒေသထွက်ပစ္စည်းများအား ပြည်တွင်းရှိ အခြားဒေသများအပြင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်မည်
- ထိုသို့ ဆောင်ရွက်ချိန်တွင် အရည်အချင်းပြည့်ဝသည့် ဒေသတွင်း လူသားအရင်းအမြစ်များ လိုအပ်လာမည်
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ဒေသ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်
- မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းရှိ ဒေသခံများကသာလျှင် ဦးဆောင် ဆောင်ရွက်ကြရမည်

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်စဉ်ကတည်းက အမြဲမပြတ် အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်မှ စိုက်ပျိုးရေးသုတေသနအဖွဲ့များဖြင့် အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးသင်တန်းကျောင်းများ တက်ရောက်၍ စိုက်ပျိုးရေးပညာများ တတ်ကျွမ်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ယခုဒေသတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် သယံဇာတအရင်းအမြစ်နှင့် အခြေအနေများစွာရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် အခြားလိုအပ်သည်များကိုလည်း အစိုးရမှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟဲဟိုးလေဆိပ်အား နိုင်ငံတကာလေဆိပ်အဖြစ်သို့ အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလေဆိပ်မှတစ်ဆင့် ဒေသထွက်ပစ္စည်းများအား ပြည်တွင်းရှိ အခြားဒေသများအပြင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင် အရည်အချင်းပြည့်ဝသည့် ဒေသတွင်းလူသားအရင်းအမြစ်များ လိုအပ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ဒေသ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းရှိ ဒေသခံများကသာလျှင် ဦးဆောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာပေါများရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

**ရည်ရွယ်ချက်နှစ်ခုရှိ**

ယခုကဲ့သို့လာရောက်တွေ့ဆုံဆွေးနွေးပြောကြားရခြင်းသည် ရည်ရွယ်ချက်နှစ်ခုရှိပြီး ကလောမြို့အား ခရီးသွားမြို့တော်အဖြစ် လုပ်ဆောင်ကြရန်နှင့် ဒေသတွင်းထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အဆင့်မီပြီး အရည်အသွေးပြည့်ဝသည့် Quality Product များဖြစ်အောင် ဆောင်ရွက်ကြစေလိုခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များ၏ အနာဂတ်တွင် တစ်ဦးချင်း၊ ဒေသနှင့် တိုင်းပြည်အတွက် ကောင်းမွန်သည့် လမ်းကြောင်းများပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ပြန်လည်လည်ပတ်နိုင်ရေး စီမံကိန်းလုပ်ငန်းများ လေ့လာဆန်းစစ်ရေးအဖွဲ့၏ အစီရင်ခံစာအပေါ် ညှိနှိုင်းအဖြေရှာဝိုင်းဝန်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိရာ ပြည်နယ်ဦးစီးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လုပ်ငန်း လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းများကို အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များတွင်ရှိသည့် အလုပ်သမားများကို ကျွမ်းကျင်လုပ်သားများအဖြစ် ပြုပြင်ပြောင်းလဲပေးနိုင်ရေးအတွက် သင့်တော်သည့် သင်တန်းများပေးခြင်း၊ အလုပ်အကိုင်ကျွမ်းကျင်မှု 'စံ' သတ်မှတ်ခြင်း၊ စစ်ဆေးအကဲဖြတ်ပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိပြီး စက်ရုံပြန်လည် လည်ပတ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများ လေ့လာဆန်းစစ်ရေးအဖွဲ့၏ အစီရင်ခံစာအပေါ် ညှိနှိုင်းအဖြေရှာ ဝိုင်းဝန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ မှာကြားကာ စက်ရုံခွဲများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိမှုတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်အတူ Main Step Down Sub-Station, Heat Recovery Power Station, Air Separation Shop တို့တွင် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမည့်အခြေအနေနှင့် စက်များတပ်ဆင်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်းရှိ Romelt နည်းပညာဖြင့် ဆောင်ရွက်မည့် သံရည်ကျိုမီးဖို စတင်လည်ပတ်ပါက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရေးအတွက် မတူညီသော အရင်းအမြစ်မှ တည်ငြိမ်လျှပ်စစ်ဓာတ်အား ရရှိရေးကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံအနေဖြင့် ပြည်တွင်းရှိ သယံဇာတများကို အသုံးပြုပြီး သံနှင့်သံမဏိများကို ထုတ်လုပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် သံနှင့် သံမဏိများကို ထုတ်လုပ်မည်ဖြစ်သောကြောင့် စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးအတွက် ဝန်ထမ်းအားလုံးက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်အတွင်း သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းစည်ပင်အိမ်ရာဝင်းသို့ ရောက်ရှိပြီး ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံ၊ အသား၊ ငါး၊ ပုစွန် အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုနှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်ရန်တို့ကို လည်းကောင်း၊ ဒေါပုံမြို့နယ် စက်ရုံလမ်း၊ ဒေါပုံကော်ဇောစက်ရုံရှေ့လူသွားစင်္ကြံ စက်ဘီးလမ်း၊ ယာဉ်ရပ်နားရန်နေရာ၊ ရေမြောင်းများပြုလုပ်ရန်နှင့် အဆိုပါလမ်းတစ်လျှောက် မြေယာရှင်းများ ဆောင်ရွက်ရန် လမ်းသားတိုးချဲ့မြေပြင်ဆင်နေမှုတို့ကို လည်းကောင်း၊ ဒေါပုံကတ္တရာကွန်ကရစ်စက်ရုံဝင်းအတွင်း လမ်းခင်းကတ္တရာ SG Global တံဆိပ် Bitumen Grade 60/70 ကတ္တရာပုံးများ ရောက်ရှိစုပုံထားမှုနှင့် ကတ္တရာကွန်ကရစ်(AC)စက်များ ကြံ့ခိုင်ရေးဆောင်ရွက်ထားမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် သာကေတမြို့နယ် သာကေတ စက်မှုဇုန် မြမာလာလမ်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ စက်မှုဇုန်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် သာကေတစက်မှုဇုန်သည် ရန်ကုန်မြို့လယ်နှင့် အနီးဆုံးတွင်ရှိသည့် စက်မှုဇုန်ဖြစ်ခြင်းကြောင့် သန့်ရှင်းသာယာသပ်ရပ်စေရေး၊ ရေလုံလောက်စွာရရှိစေရေး၊ ကိုဗစ်ကာလအတွင်း စက်ရုံဝန်ထမ်းများ အပြင်ထွက်ရန် မလိုဘဲ ဝင်းအတွင်းနေရာလွတ်များတွင် စားသောက်ဆိုင်ခန်းများ စီစဉ်ပေးရေး၊ စက်မှုဇုန်အတွင်း အမှိုက်စိုနှင့်အမှိုက်ခြောက်များ ခွဲခြားဆောင်ရွက်ထားမှုများ ဆက်လက်ထိန်းသိမ်းပြီး အမှိုက်သိမ်းဆည်းမှုစနစ်တကျဖြစ်စေရေးတို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စက်မှုဇုန်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်းတယမြို့ ပြည်သူ့ဆေးရုံအတွက် ကိုဗစ်-၁၉ RDT Test Kit နှင့် ကာကွယ်ဆေးများ အလုံအလောက် ဖြန့်ဖြူးပေးမည်

**နေပြည်တော် အောက်တိုဘာ ၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အတူ ပင်းတယမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး



အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ အတွင်းလူနာခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ဆေးကုသဆောင်ရွက်ပေးနေမှု၊ ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

**အလုံအလောက် ဖြန့်ဖြူးပေးမည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများကို အားပေးစကားပြောကြားပြီး အသစ်ဆောက်လုပ်ဆဲ နှစ်ထပ်လူနာဆောင်ကို ကြည့်ရှုကာ ကိုဗစ်-၁၉ ရောဂါ သံသယလူနာများ၊ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများနှင့် ထိတွေ့သူများအား ကိုဗစ်-၁၉ ရောဂါရှာဖွေရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို စစ်ဆေးပြီး ကိုဗစ်-၁၉ RDT Test Kit နှင့် ကာကွယ်ဆေးများကို ဝန်ကြီးဌာနအနေဖြင့် အလုံအလောက် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အထူးကြိုးစားဆောင်ရွက်ပေးလျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း ပြောကြားကာ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

**လက်ခံကုသပေးလျက်ရှိ**

အဆိုပါ ပင်းတယမြို့ ပြည်သူ့ဆေးရုံသည် ခုတင် (၅၀) ဆံ့ ဆေးရုံဖြစ်ကာ ဆရာဝန် နှစ်ဦး၊ သူနာပြု ၁၀ ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လာရောက်ကူညီနေသည့် သားဖွား/ ကျန်းမာရေးကြီးကြပ်-၂ ဝန်ထမ်း ၁၁ ဦးတို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ အတွင်းလူနာများအဖြစ် ကိုဗစ်ရောဂါပိုးတွေ့လူနာ ၃၂ ဦးနှင့် အခြားရောဂါ အတွင်းလူနာ ၄၁ ဦး စုစုပေါင်း ၇၃ ဦးကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# အင်းစိန်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ်ရှိ ကွက်သစ်ရပ်ကွက်နှင့် ကမ်းနားအနောက်ရပ်ကွက်များ၌ ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်းစိန်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကွက်သစ်ရပ်ကွက်ရှိ (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၃၈ ဦး၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ သုံးဦး စုစုပေါင်း ၄၁ ဦးနှင့် ကမ်းနားအနောက်ရပ်ကွက်ရှိ (၁၀)နှစ်ပြည့် နိုင်ငံသားကတ်ပြားလျှောက်ထားသူ ၇၅ဦး၊ (၁၈)နှစ်ပြည့်နိုင်ငံသားကတ်ပြားလျှောက်ထားသူ ၁၁ ဦး စုစုပေါင်း ၈၆ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**



# ရန်ကုန်-ယန်ကျိုး ချစ်ကြည်ရေးအထိမ်းအမှတ် အလှုပြလှေအား ကန်တော်ကြီးသဘာဝဥယျာဉ်သစ်တောဇုန်၌ ပြုပြင်ထိန်းသိမ်းထား

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီးသဘာဝဥယျာဉ်သစ်တောဇုန်၌ ရန်ကုန်-ယန်ကျိုးချစ်ကြည်ရေး အထိမ်းအမှတ် အလှုပြလှေအား ပြုပြင်ထိန်းသိမ်းထားရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။



ရန်ကုန်မြို့အား မြို့ပြဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍရပ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံတကာမြို့များနှင့် ညီအစ်မမြို့တော် ချစ်ကြည်ရေး တည်ဆောက်ခဲ့ရာ လက်ရှိတွင် နိုင်ငံတကာမြို့ကြီး ကိုးမြို့နှင့် ချစ်ကြည်ရေး တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယန်ကျိုးမြို့သည် ရန်ကုန်မြို့၏ ပထမဦးဆုံး ညီအစ်မမြို့တော်ဖြစ်ပြီး ၁၉၉၇ ခုနှစ် ဇူလိုင် ၈ ရက်က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကာ ရန်ကုန်-ယန်ကျိုးချစ်ကြည်ရေး အထိမ်းအမှတ် အလှုပြလှေအား ညီအစ်မမြို့တော် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ယန်ကျိုးမြို့တော်ဝန်က ရန်ကုန်မြို့တော်ဝန်ထံ လက်ဆောင် ပေးအပ်ခဲ့ခြင်းဖြစ်၍ ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ရေးအတွက် အထိမ်းအမှတ်အဖြစ် ကန်တော်ကြီး သဘာဝဥယျာဉ်သစ်တောဇုန်၌ ပြုပြင်ထိန်းသိမ်းထားရှိခြင်းဖြစ်သည်။

ယခုအခါ အဆိုပါ ရန်ကုန်-ယန်ကျိုး ချစ်ကြည်ရေး အထိမ်းအမှတ် အလှုပြလှေ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

# စဉ့်ကိုင်မြို့နယ်၌ အထူးဇုန် ဧက ၂၀၀ စံပြကွက် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**စဉ့်ကိုင် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများနှင့် အထူးဇုန်ဧက ၂၀၀ စံပြကွက် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မီးသွေးဘုတ်ကျေးရွာအုပ်စု နတ်ရေကန်ကျေးရွာ ကွင်းအမှတ်(၄၆/ဈ) ရှိ တောင်သူဦးကံတင်၏ စိုက်ခင်းနေရာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆွေးနွေးပြောကြား**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးမင်းက ၂၀၂၀ - ၂၀၂၁ ခုနှစ် မိုး၊ မိုးနှောင်း ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထားရှိရာ အထူးဇုန်ဧက စံပြကွက်များမှ ထွက်ရှိလာသော ဝါမျိုးစေ့များအား လာမည့်ဝါစိုက်ပျိုးရာသီတွင် မျိုးသန့်၊ မျိုးစေ့အဆင့်အဖြစ် ပြန်လည်အသုံးပြုနိုင်ရန်အတွက် ဝါမျိုးစေ့ထုတ်လုပ်ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက်ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းသန်းအောင်က စိုက်ပျိုးထားရှိသည့် ဝါစိုက်ခင်းအတွင်း ဝါမျိုးကွဲ နုတ်ပယ်ခြင်း၊ ဝါမျိုးစေ့ထုတ်လုပ်ခြင်း လက်တွေ့ပြသခြင်းများကို နည်းပညာပေး၍ တောင်သူများ ဝါမျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို စနစ်တကျ လိုက်နာဆောင်ရွက်သွားနိုင်ရန် အသေးစိတ် ဆွေးနွေးပြောကြားသည်။

စဉ့်ကိုင်မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မိုး၊ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧက စုစုပေါင်း ၆၈၃၉ ဧက စိုက်ပျိုးထားရှိပြီး မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန်ဧက ၂၀၀ စံပြကွက်ကို ရွှေတောင် - ၁၀ ဝါမျိုးဖြင့် FS မျိုးစေ့အဆင့် အသုံးပြု၍ မီးသွေးဘုတ်ကျေးရွာအုပ်စုတွင် တောင်သူ ၄၁ ဦးဖြင့် စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထံမှ သိရသည်။

**မင်းထက်အောင်**

**(မန်းကိုယ်ပွား)**



# ဇာတိချက်ကြွေမွေးရပ်မြေကို ချစ်ကြသည်ဟုဆိုရာဝယ်

**စာချစ်သူ**

မြန်မာဟူသည် ကိုယ်မွေးဖွားရာ ဇာတိချက်ကြွေမွေးရပ်မြေကို ချစ်ခင်စွဲလမ်း မြတ်နိုးတတ်ကြသည်။ သံယောဇဉ်ကြီးသည်။ အသက်အရွယ်ရလာလေလေ မွေးရပ်မြေနှင့် ငယ်ပေါင်းသူငယ်ချင်းများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများကို သတိရလေလေ ဖြစ်ကြရ၏။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့အဖို့ လောက၌ မမေ့ကောင်းသောအကြောင်းအရာ ငါးမျိုးရှိ၏။

၁။ ရတနာသုံးပါးကို မမေ့ကောင်း။
၂။ မိဘနှစ်ပါးကို မမေ့ကောင်း။
၃။ မိမိအား စတင်ပညာသင်ကြားပေးသော ဆရာကို မမေ့ကောင်း။
၄။ မိမိဒုက္ခရောက်စဉ် ကြည့်ရှုပေးသော ကျေးဇူးရှင်ကို မမေ့ကောင်း။
၅။ မိမိချက်မြှုပ်ဒေသကို မမေ့ကောင်းဟူ၍ ဖြစ်၏။

မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသူအများစုကို လေ့လာကြည့်လျှင် ကျေးလက်တောရွာများမှ မွေးဖွားလာခဲ့ကြသူများဖြစ်ကြ၏။ ရန်ကုန်၊ မန္တလေး မြို့ကြီးပြကြီးများ၌ဖြစ်စေ၊ ပြည်ပနိုင်ငံကြီးများ၌ဖြစ်စေ ပဝတ္တိဒေသတို့တွင် အခြေချရင်း ကြီးပွားတိုးတက်လာကြသူများ ဖြစ်ကြ၏။ အများစုကတော့ ဇာတိချက်ကြွေမွေးရပ်မြေကို မမေ့နိုင်ကြ။ အထူးသဖြင့် စာရေးဆရာ၊ ဂီတစာဆို၊ အဆိုတော်အများစုဆိုမူ ကိုယ့်မြို့ ကိုယ့်ရွာအကြောင်းကို သတိတရ ရေးဖွဲ့သီဆိုလေ့ရှိကြ၏။ အနုပညာနာမည်နောက်တွင် ကိုယ့်ဇာတိမွေးရပ်မြေကို မပျက်မကွက်ထည့်သွင်းဖော်ပြလေ့ရှိ၏။

**မိုင်နှစ်ဆယ်ခန့်ဝေးသော ပကိတ်ကြီးရွာ**

တို့ဗမာအစည်းအရုံးခေတ်ကာလက သခင်နိုင်ငံရေးသမားကြီးနှင့် သတင်းစာဆရာကြီးဖြစ်သူ သခင်အောင်ဖေက “ကျွန်ုပ်သည် မြောင်းမြနှင့် မိုင်နှစ်ဆယ်ခန့်ဝေးသော ပကိတ်ကြီးရွာ၌ ချက်မြှုပ်ခဲ့သည်။ ရွာဦးကျောင်း၌ စတင်စာသင်ခဲ့သည်။ ရွာဦးကျောင်း၌ပင် ကိုရင် နှစ်ဝါဝတ်ခဲ့သည်။ ရွာမှာနေရင်း သခင်အမည်ခံခဲ့သည်။ အသက် ၂၂ နှစ်တွင် မြောင်းမြသို့ ယာယီပြောင်းရွှေ့နေထိုင်ပြီး ၂၅ နှစ်သားတွင် မြောင်းမြသို့ အပြီးပြောင်းရွှေ့နေထိုင်သည်။

ကျွန်ုပ်ဘဝမှာ တောရွာ၌ ချက်မြှုပ်ပြီး တောသားဖြစ်ငြားလည်း မြို့၌ အနေများခဲ့သည်။ မည်မျှလောက် အနေကြာကြာ၊ မည်မျှလောက် မြို့ထမင်း၊ မြို့ဟင်းစား၊ မြို့ရေကိုသောက်၊ မြို့အဝတ်ကို ဝတ်နေရပေမင့် တောစိတ်၊ တောအမူအရာ၊ တောအကျင့်၊ တောအပြောအဆို၊ တောဓလေ့ကို အခါခပ်သိမ်းစွဲမက်နေသည်။

မလိမ်မိုး မလိမ္မာအရွယ်တုန်းက တောသားဟုခေါ်လျှင် နှိမ်၍ခေါ်သည်ဟုယူဆပြီး ရှက်၏။ ထိုအချိန် ထိုအရွယ်တုန်းက မြို့ကို အလွန်အထင်ကြီး၏။ မြို့သားမှ လူရာဝင်သည်ဟုထင်၏။ မြို့သားဖြစ်ရတာ ကံထူးလေစွ၊ ကံကြီးလေစွ၊ ကံကောင်းလေစွ၊ ဂုဏ်ရှိလေစွဟု ခံယူစွဲမှတ်ခဲ့သည်။

အသက်အရွယ်ကြီးရင့်ပြီး အတွေ့အကြုံများလာသောအခါ တောသားဟု မည်သူကခေါ်ခေါ် မရှက်တော့ပေ။ ရှက်စရာမဟုတ်ဟု သိလာသကိုး။ ရင်းမြစ်ကို စိစစ်သောအခါ မြို့တော်၌ရှိသော ရေမွှေးနံ့သာ အထုံအကြိုင်များထက် တော၌သာရှိသော ကတိုးအမွှေးသည် မနိမ့်ကျကြောင်း သိရှိတွေ့မြင်လာသည်။

**မမေ့ကောင်းသောအရာ**

ကျွန်ုပ်သည် တောသားပီပီ ထမင်းစားလျှင် ငါးပိတို့စရာ မပါမရှိစေရ။ တို့စရာဆိုလျှင် အစိမ်းလိုက်တို့စရာရော အပြုတ်တို့စရာပါ ကြိုက်၏။ အဲသည်တို့စရာများထဲတွင် မှိုနားတိုကိုအကြိုက်ဆုံး။ အကြောင်းအားလျော်စွာ မြောင်းမြမှ ရန်ကုန်သို့ ပြောင်းရွှေ့လာပြီးနောက် ဃရာဝါသော ဗဟုကိစ္စောဆိုသည့်အတိုင်း မိမိအလုပ်နှင့်မိမိ မအားမလပ်ဖြစ်နေ၍ မြောင်းမြသို့ နှစ်ပေါင်း ၄၀ ခန့်အတွင်း လေးငါးခြောက်ခေါက်သာရောက်တော့၏။ ကျွန်ုပ်သည် မြောင်းမြသို့ သွားသင့်၏။ ကျွန်ုပ်သည် မြောင်းမြသားဖြစ်၍ မြောင်းမြကို မမေ့ပါ”ဟူ၍ “မမေ့ကောင်းသောအရာ”ဆောင်းပါးတွင် မွေးရပ်မြေကို တခုတ်တရရေးဖွဲ့ခဲ့၏။

ဆရာကြီး ဒဂုန်တာရာကတော့ “ကျွန်တော်၏ ဇာတိမြေကို ကျိုက်လတ်ဟု ဖော်ပြခဲ့သည်။

**နိမ့်ကျနေသည့် အမိနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဒုတိယကမ္ဘာစစ်အတွင်းက ပြာပုံဘဝမှ ရုန်းထလာခဲ့သော ဂျပန်ပြည်၊ ဂျပန်၏ ဖွံ့ဖြိုးတိုးတက်မှုကို မခံချင်စိတ်ဖြင့် ကြိုးပမ်းခဲ့ကြသော တစ်ချိန်က ဂျပန်ပြည်၏ ကိုလိုနီလက်အောက်ခံ ကိုရီးယားတို့၏ ဇာတိပုည ဂုဏ်မာနနှင့် လုံ့လတို့ကို မြန်မာလူငယ်များ စံပြုအတုယူသင့်**

တကယ်တော့ ကျွန်တော်မွေးဖွားရာ နေရာမှာ ဒေးဒရဲမြို့နယ် ထိုင်ကူမြစ်တန်းရွာ ဖြစ်သည်။ ဒေးဒရဲမြို့နယ်ဟူ၍ အုပ်ချုပ်ရေးအားဖြင့် သတ်မှတ်ထားသော်လည်း ဒေးဒရဲနှင့် အတော်ကလေးဝေးသည်။ ကျိုက်လတ်နှင့်ကား အနီးကလေး။ သင်္ဘောနှင့်သွားလျှင် နာရီဝက်ခန့်သာကြာမည်ထင်သည်။

အမှန်က ကျွန်တော်ကျိုက်လတ်တွင် ၁၀ နှစ်ခန့်သာ နေဖူးသည်။ ၁၉၃၈ ခုနှစ်လောက်ကစ၍ ရန်ကုန်ကျောင်းရောက်နေသည်။ ကျိုက်လတ်ကို သိပ်ပြန်မရောက်။ စစ်ပြီးတော့လည်း ရန်ကုန်ရောက်လာသဖြင့် ကျွန်တော်သည် ကျိုက်လတ်နှင့် ခပ်ဝေးဝေးဖြစ်နေသည်။ ကျိုက်လတ်သို့ပြန်သွားသည်က အင်မတန်နည်းသည်။ ကျွန်တော် သူတို့နှင့် စကားပြောရင်း ကျိုက်လတ်ရုပ်ပုံကားချပ်များသည် ကျွန်တော့်အား တဖျတ်ဖျတ် ရိုက်ခတ်တိုးဝင်လျက်ရှိသည်။

မြို့အစွန် မြို့ပတ်လမ်းတွင် ကျယ်ဝန်းလှသော ရေကန်ကြီးရှိနေသည်။ ညနေစောင်းတွင် ကျွန်တော်တို့ ရေကန်ပေါင်မြင့်မြင့်ကြီးပေါ်တက်၍ တစ်ပတ်လမ်းလျှောက်ကြသည်။ လေက နုနုအေးအေး မွှေးမွှေး၊ တစ်ဖက်ရှိ လယ်ကွင်းများထဲမှ ကောက်ရိုးနံ့များ သင်းပျံ့လာတတ်သည်။ မြို့ပတ်လမ်းဘေးတွင် အုတ်တံတိုင်းကြီးများဖြင့် ခမ်းနားသာယာသော ဘုန်းကြီးကျောင်းများရှိနေသည်။

တစ်ဖက်အစွန်တွင်တော့ ခရစ်ယာန်ဘုရားရှိခိုးကျောင်း။ ဆည်းလည်းသံ၊ ကြေးစည်သံ၊ ခေါင်းလောင်းသံ။ မြစ်ဘေးမှကမ်းနားလမ်းကြီးမှာ တစ်မျှော်တစ်ခေါ် အဝေးကြီးပင်။ ကွင်းပေါက်ဘက် ကြိုးတံတားအထိ ရှည်လျားသည်။ တစ်ဖက်ကမ်းတွင် ကျွန်တော့်ဖခင်၏ခြံနှင့် အိမ်ရှိသည်။

**ကျိုက်လတ်ရုပ်ပုံလွှာ**

သူတို့ ပြန်သွားကြသော်လည်း ကျိုက်လတ်ပုံကားချပ်ကတော့ ကျွန်တော့်ရင်ကို လှုပ်ရှားစေပေသည်။ ကျွန်တော်က ပထမမျိုးဆက်ခေတ်ကျိုက်လတ်က၊ သူတို့က ဒုတိယမျိုးဆက်ခေတ်ကျိုက်လတ်များပင်”ဟု ကျိုက်လတ်ရုပ်ပုံလွှာကို ကျိုက်လတ်မဂ္ဂဇင်းတွင် ရေးဖွဲ့ခဲ့ပေသည်။

ဆရာကြီးသိန်းဖေမြင့်၏ “အညာပြန်”မူကား အတော့်ကိုထင်ရှား၏။ စာတစ်စောင် ပေတစ်ဖွဲ့ စာအုပ်အဖြစ်ပင် ထွက်ရှိခဲ့လေ၏။

“ကိုယ့်ရပ်ကိုယ့်ရွာအညာသို့ ပြန်မရောက်သည်မှာ ဆယ့်လေးငါးနှစ်ရှိလေပြီ။

အောက်ပြည်အောက်ရွာ ဖျာပုံသူနှင့် ညားမိသောကြောင့် အညာပြန်မရောက်သည်ကား မဟုတ်ပါပေ။

ငါးပိရည်ကြိုက်တတ်ပြီး ပဲကြားပြုတ်ကို မေ့နေသောကြောင့် အညာပြန်မရောက်ရခြင်းလည်း မဟုတ်ပါချေ။

အကြောင်းမဆုံ အခွင့်မသင့်ခြင်းကြောင့်သာ မရောက်ရခြင်းဖြစ်ပေသည်။”

အညာသို့ ပြန်ရမည်ရှိသောအခါ သခင်ကိုယ်တော်မှိုင်းရေးခဲ့သော “ဖာတစ်တန် အထုပ်တစ်ဖက် ထမ်းပါလို့၊ အညာပြန် ရုတ်တရက် မလှမ်းနိုင်ဘူး၊ ဩော် နှုတ်ဆက်စမ်းချင်လို့လာခဲ့တယ်” ဟူသော ကဗျာအပိုင်းအစလေးကိုသာ သတိရမိပေသည်။ ရန်ကုန်မှ မထွက်ခွာမီ သုံးကြိမ်သုံးခါပြန်ပြီးနှုတ်ဆက်ရလေသည်။ အကြောင်းသော်ကား လေယာဉ်ပျံ နှစ်ကြိမ်နှစ်ခါမထွက်ဖြစ်သောကြောင့်တည်း။

ဘုတလင် အဝင်လမ်းကား အနည်းငယ်စိုပြည်သည်။ လမ်းဘေးတာကျင်းများမှာ ရေတင်နေသည်။ ချုံပုတ်ကလေးတွေက ရွက်သစ်ဝေလျက် တမာပင်တွေက စိမ်းဖန့်ဖန့် ရွက်နုများ ဖြူဝါဝါအပွင့်များဖြင့် ဝေဆာနေသည်။ တမာပွင့်က သင်းလှသည်။ ဘောလုံးကွင်း၊ ပြီးတော့ နိုင်ငံတော်အစိုးရအထက်တန်းကျောင်း။ ရှေးတုန်းက ဗိုလ်တဲနေရာဖြစ်သည်။ ကျောင်းသား ၈၀၀ ကျော်ရှိသည်ဟု သိရ၏။ ကျွန်တော်တို့ငယ်ငယ်က အင်္ဂလိပ် မြန်မာအထက်တန်းပညာသင်ကြားလိုလျှင် မုံရွာသို့သွားသင်ကြရ၏။ မျက်နှာချင်းဆိုင်တွင် မြို့အုပ်မင်း၏ ရုံး။ မြို့အုပ်မင်းရုံးလွန်တော့ ကျွန်တော့်ဘတ်စ်ကားသည် ဘယ်ဘက်ကွေ့သည်။ ထိုကွေ့အနီးတွင် ဆေးရုံကြီးတစ်ခု ဆောက်ထားခဲ့သည်။ ယခု ထိုဆေးရုံကြီး မရှိတော့ပြီ။ ကွန်မြူနစ်များက မီးရှို့သွားသည်။ ရပ်ရွာလူကြီးများက ဝိုင်းတောင်းပန်တာတောင် မရဟု ပြောကြလေသည်။ အစိုးရလုပ်ထားတာမှန်သမျှ ဖျက်ဆီးပစ်မှ ပြတ်သားသော တော်လှန်ရေးလမ်းစဉ်ဖြစ်သည် ဟူသောသဘော၏ ယုတ္တိအဆုံးပေလော။

မြေပဲ၊ ပဲဖြူကလေးတို့နှင့်အတူ ကြီးပွားစည်ကားခဲ့သော ဘုတလင် ဘူတာကလေး။ နွားတောင် စားမကုန်သော ဆီးသီးကိုပင် တန်ဖိုးရှိအောင်လုပ်ပေးသော ဘူတာကလေး။ ရန်ကုန်နှင့် ဘုတလင်ကို ခဏချင်း ကြေးနန်းဆက်ပေးနိုင်သော ဘူတာကလေး။ ထိုဘူတာကလေးကား စစ်ကြီးအတွင်းမှာ ငုံးတိဖြစ်အောင်ပျက်စီးပြိုလဲခဲ့သည်။ စစ်ပြီးတော့ ပြန်မထူထောင်နိုင်။ ပြည်တွင်းစစ်ကျပြန်တော့လည်း ပြန်လည်ထူထောင်ရေး ပိုဝေးသွားခဲ့လေသည်။

“ဟောဟိုနေရာမှာပေါ့၊ ရဲဘော်ဖြူတစ်ယောက်ကျဆုံးတာ”

“ဒီနေရာမှာတော့ ကွန်မြူနစ်တစ်ယောက်ကျဆုံးတယ်”

ကိုသန်းဖေသည် ရဲဘော်ဖြူနှင့် ကွန်မြူနစ် အချင်းချင်းတိုက်ကြပုံကို အတိတ်ဆောင်နေလေသည်။ ကိုဘထွန်းက သူ့အိမ်သို့ ရဲဘော်များ ကွန်မြူနစ် ဟန်ဆောင်ကာဝင်လာပြီး သူ့အား ကွန်မြူနစ်ဘက်သားဟုတ်/ မဟုတ် အစ်ထုတ်ပုံပြောပြလေသည်။ ကွန်မြူနစ်တို့က ရဲဘော်ဘက်သားဟု ထင်သူတစ်ဦးကို လက်ပြန်ကြိုးတုပ်၍ ရွာအနောက်ဘက် သင်္ချိုင်းကုန်းသို့ခေါ်သွားပြီး သေနတ်နှင့် ပစ်သတ်ပြပုံကလည်း ရှိသေးသည်။ ကြားရချက်များကား စိတ်မချမ်းသာစရာချည်းဖြစ်သည်။

**မျိုးချစ်စိတ်လှုံ့ဆော်ရေး ဝတ္ထုတို**

ကျွန်တော်သည် တစ်ခါတုန်းက “စစ်သည်တော်”ဟူသော မျိုးချစ်စိတ်လှုံ့ဆော်ရေး ဝတ္ထုတိုတစ်ခုကို ရေးဖူးလေသည်။ ထိုဝတ္ထုတို၏ ပတ်ဝန်းကျင်ကား ဘုတလင်၏ တစ်ခါတုန်းက စည်ကားခဲ့ပြီး မဟာဗန္ဓုလ နေသွားဖူးသည်ဆိုသော မင်းဝင်းရပ်၊ တစ်ခါတုန်းက သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသော မုခ်ကျောင်းကြီးစေတီတို့ဖြစ်လေသည်။

ထိုနေရာများသို့ သွားကြည့်သည်။ ကိုယ့်ဝတ္ထုကို ကိုယ့်ဘာသာစိတ်ကူးနှင့် ဖန်တီးထားသည်ဖြစ်ပါလျက် စစ်သည်တော်ဝတ္ထုသည် ထိုပတ်ဝန်းကျင်မှာ တကယ်ဖြစ်ခဲ့သလို ထင်ယောင်မြင်ယောင်လာပေသည်။ လွမ်းသလိုလို ဆွေးသလိုလိုဖြစ်လာလေသည်။

ကျွန်တော်သည် စာရေးဆရာတစ်ယောက်အနေဖြင့် အောင်မြင်မှုရသလောက်ရသည်။ ထိုအောင်မြင်မှု၏ ရေသောက်မြစ်ကား အဘယ်နည်း။

ပထမဆုံး ဘုတလင် မုံရွာပတ်ဝန်းကျင်ကို ကျေးဇူးတင်ရမည်။ ဘယ်ရပ်ဘယ်ရွာရောက်နေနေ ဘုတလင် မုံရွာပတ်ဝန်းကျင်ကို ကျွန်တော်မမေ့။ ကလောင်ဖျားမှ ထွက်ထွက်လာသည်။

စာမျက်နှာ ၇ သို့ ✤

✻ ကျောဖုံးမှ

AD လိုင်စင်ရ ဘဏ်များသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၄။ ပို့ကုန်တင်ပို့သူများအနေဖြင့် မိမိ၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ပြီးဖြစ်သည့် ပို့ကုန်ရငွေအနက်မှ အသုံးမပြုဘဲ လက်ဝယ်တွင်ကျန်ရှိသည့် ပို့ကုန်ရငွေများကို ပို့ကုန်ရငွေဝင်ရောက်ပြီး ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်သို့ ဈေးကွက်ပေါက်ဈေးဖြင့် မပျက်မကွက် ရောင်းချရမည်။

၅။ AD လိုင်စင်ရဘဏ်များမဟုတ်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့သည် ၎င်းတို့ဝယ်ယူရရှိထားသည့် ပို့ကုန်ရငွေကို ရက်ပေါင်း (၃၀) အတွင်း ကိုယ်တိုင်အတွက်သုံးစွဲခြင်း သို့မဟုတ် AD လိုင်စင်ရဘဏ်များသို့ရောင်းချခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပြီး ကျန်ရှိသောပမာဏကို ရက်ပေါင်း (၃၀) မပြည့်မီကာလအတွင်း AD လိုင်စင်ရဘဏ်များသို့သာ ဈေးကွက်ပေါက်ဈေးဖြင့် မပျက်မကွက် ရောင်းချရမည်။ အခြားလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ ထပ်ဆင့်ပြန်လည်ရောင်းချခြင်းမပြုရ။

၆။ အထက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရာတွင် ပို့ကုန်ရငွေ စတင်ဝင်ရောက်သည့် အချိန်မှစ၍ ပို့ကုန်ရငွေရရှိသူမှတစ်ဆင့် ပြန်လည်ရောင်းချခြင်းအပါအဝင် AD လိုင်စင်ရဘဏ်သို့ အပြီးရောင်းချသည့် အချိန်ကာလ စုစုပေါင်းသည် ရက်ပေါင်း (၃၀) ထက် မကျော်လွန်ရပါ။

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃-၉-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးလိုက်သည်။

၈။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**သန်းညိန်း**
**ဥက္ကဋ္ဌ**

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချသည့် အရောင်းဆိုင်များအား စက်သုံးဆီဈေးကွက် စောင့်ကြည့်စစ်ဆေးကြပ်မတ်ရေးအဖွဲ့ ရှောင်တခင်စစ်ဆေး



**မန္တလေး အောက်တိုဘာ ၃**

သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချသည့် အရောင်းဆိုင်များအား စက်သုံးဆီဈေးကွက် စောင့်ကြည့်စစ်ဆေးကြပ်မတ်ရေးအဖွဲ့က ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

**ပူးပေါင်းဖွဲ့စည်း**

စက်သုံးဆီဆိုင်များရောင်းချနေမှုအပေါ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဈေးကွက်စောင့်ကြည့် စစ်ဆေးကြပ်မတ်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာနအား ဦးဆောင်စေ၍ ဖွဲ့စည်းပေးခဲ့ပြီး အဖွဲ့ဝင်များအဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တို့နှင့် ပူးပေါင်းဖွဲ့စည်းထားသည်။

"တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့ရှိ စက်သုံးဆီဆိုင်တွေကို ရှောင်တခင်ဝင်ရောက်ပြီး သတ်မှတ်ဈေးနဲ့ ရောင်းချမှုရှိ၊ မရှိ၊ အခြင်အတွယ် မှန်ကန်မှုရှိ၊ မရှိတို့ကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၂၆ ရက်ကစပြီး ဆောင်ရွက်နေပါတယ်။ စက်သုံးဆီတွေကို သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးတဲ့အတွက် ကုန်ဈေးနှုန်းမြင့်တက်မှုကို အထိုက်အလျောက်ကာကွယ်နိုင်မယ်။ စက်သုံးဆီဟာ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အဓိကကျပြီး အခြေခံလုပ်သားတွေ နေ့စဉ်လုပ်ငန်းခွင် သွားလာရာမှာရော၊ ကုန်စည်စီးဆင်းမှုမှာရော၊ပြည်သူလူထုလူမှုဘဝမှာရော အထိုက်အလျောက် အကျိုးဖြစ်ထွန်းစေပါတယ်။ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးက ပြောသည်။

ဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းသော စက်သုံးဆီများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သက်သာသောဈေးနှုန်းဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးတွင် စက်သုံးဆီဆိုင်ပေါင်း ၆၅ ဆိုင်၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

✤ စာမျက်နှာ ၆ မှ

သင်းပျံ့သော တမာပွင့်နံ့ကား နှာခေါင်းထဲက မထွက်။ ခံပွင့်ဖြူဖြူက မျက်စိထဲမှမပျောက်။ ထနောင်းပင်ရိပ်က အမြဲအုပ်မိုးနေ၏။ ၎င်းနောက် ကျွန်တော်ရသမျှသော အောင်မြင်မှုအတွက် ဘုတလင်မုံရွာတစ်ဝိုက်က လူထုအား ကျေးဇူးတင်ရပေမည်" ဟူ၍ ဆရာကြီး သိန်းဖေမြင့်သည် ဇာတိချက်ကြွေမွေးရပ်မြေ အညာမြေကို ထိုသို့ အမှတ်တရရေးဖွဲ့ခဲ့ပါ၏။

ဆရာမကြီး လူထုဒေါ်အမာ၏ "မန္တလေး မန္တလေး ကျွန်မတို့ရဲ့ မန္တလေး"၊ "မန္တလေးသူ မန္တလေးသားများ"၊ "ကျွန်မတို့ငယ်ငယ်က" စာအုပ်များကလည်း ထင်ရှားကျော်ကြားသည်။

ထိုထိုသော ဆရာကြီး ဆရာမကြီးများသို့နှယ် ပဝတ္တိဒေသတွင် အခြေချရင်း ကြီးပွားတိုးတက်လာကြသူအများစုသည် ဇာတိချက်ကြွေမွေးရပ်မြေကို မမေ့ကြ။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကိုယ့်ရပ်ကိုယ့်ရွာ ကြီးပွားတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ နိုင်သည့်ဝန်ကိုထမ်းရွက်ကြသည်။ ရပ်ကျိုးရွာကျိုး အများအကျိုးအတွက် သယ်ပိုးရွက်ဆောင်ကြသည်။

**စီမံကိန်းများအလိုက် အကောင်အထည်ဖော်**

နိုင်ငံ့ခေါင်းဆောင်များကလည်း မူဘောင်အတွင်းမှ အခါအားလျော်စွာ ကိုယ့်မြို့ ကိုယ့်ရွာ စည်ပင်ဝပြောရေးနှင့် သားစဉ်မြေးဆက်အကျိုးရှိစေမည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်ဖွံ့ဖြိုးလာစေရန် စီမံကိန်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) တာဝန်ယူစဉ်က ၎င်း၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျုံကူးရွာရှိ ငယ်စဉ်က ပညာသင်ကြားခဲ့ဖူးသော ကျုံကူးကျောင်းကို အလှူရှင်များ၏အကူအညီဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်လှူဒါန်းပေးခဲ့လေသည်။

**ဘဝရှေ့ဆောင်ရွာသူကြီး**
**ဦးလှမြင့် စာကြည့်တိုက်**

ဦးသိန်းစိန်ငယ်စဉ်က ကျုံကူးရွာတွင် မူလတန်းကျောင်းသာရှိသည်။ ပင်လယ်ဝရေပြင်ကျယ်တစ်ဖက်ကမ်းရှိ ချောင်းဝရွာတွင် ဆွေမျိုးသားချင်းများနှင့် နေထိုင်၍ အလယ်တန်းကို တက်ခဲ့ရသည်။ ထိုအခက်အခဲကို မျိုးဆက်သစ်များမကြုံတွေ့ကြစေရန်နှင့် ကိုယ့်ရပ်ရွာကို အတုံ့အလှည့် ကျေးဇူးဆပ်ခဲ့ခြင်းဖြစ်ပေသည်။ ထို့အပြင် ပုသိမ်မြို့ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားနိုင်ရန် ပံ့ပိုးစီစဉ်ပေးသည့် ရွာသူကြီး ဦးလှမြင့်၏ ကျေးဇူးကို မမေ့သောအားဖြင့် "ဘဝရှေ့ဆောင်ရွာသူကြီး ဦးလှမြင့် စာကြည့်တိုက်"ကို ဆောက်လုပ်လှူဒါန်းပေးခဲ့လေသည်။

အမျိုးသားစီးပွားရေးဘဝတွင် အောင်မြင်ထင်ရှားကျော်ကြားခဲ့ကြသူ စီးပွားရေးလုပ်ငန်းရှင်များသည်လည်း ၎င်းတို့၏ ဇာတိချက်ကြွေမွေးရပ်မြေအလိုက် မြို့ရွာဖွံ့ဖြိုးစည်ပင်ရေးအတွက် တတ်အားသရွေ့ ပံ့ပိုးကူညီလှူဒါန်းခဲ့ကြပေသည်။ အချို့က မြို့လူထုကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးခန်းများ၊ အချို့ကား ကျေးလက်ဒေသရှိ ရင်သွေးငယ်တို့ ပညာရေးအတွက် စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ပညာရေး၊ လူမှုရေး ဖောင်ဒေးရှင်းများ ဖွဲ့စည်းခြင်း၊ ရန်ပုံငွေများ ထူထောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ကြလေသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသအများစုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရခေတ်တွင် တည်ဆောက်ခဲ့သော လမ်း၊ တံတားစီမံကိန်းများ၊ စိုက်ပျိုးရေရရှိရေးအတွက် အကောင်အထည်ဖော်တည်ဆောက်ခဲ့သော ဆည်မြောင်းတာတမံ၊ မြစ်ရေတင်စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကြောင့် အထိုက်အလျောက် မြို့ရွာများ စည်ပင်ဖွံ့ဖြိုးစပြုလာခဲ့ချေပြီ။ သို့ရာတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်ကမူ ကြိုးပမ်းရန်းကန်နေရဆဲပင်။

အိမ်နီးချင်း တရုတ်ပြည်ကြီး၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးစီမံကိန်းများကတော့ အတော်ခရီးပေါက်နေခဲ့ချေပြီ။ ဗဟိုအစိုးရနှင့် ဒေသခံအာဏာပိုင်များသည် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ဆင်းရဲသည့်ပြည်သူများကို ထောက်ပံ့ငွေပေးသည်ထက် ငွေရှာသည့်နည်းလမ်းကို သင်ပေးခြင်းက ပိုအရေးကြီးသည်ဟုခံယူပြီး ဆင်းရဲသည့်ဒေသများတွင် ဆင်းရဲမှုပပျောက်ရေးအတွက် ဒေသနှင့်ကိုက်ညီသောလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ခရိုင် ၁၅ ခုနှင့် ဒေသခံပြည်သူသုံးသိန်းကျော်**

မြန်မာနှင့် ခြံစည်းရိုးကပ်လျက်တည်ရှိရာ ယူနန်ပြည်နယ်တွင်မူ လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က ဒေသခံပြည်သူတစ်သန်းကျော် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် အဓိကဦးတည်ဆောင်ရွက်လျက်ရှိသည်။ ခရိုင် ၁၅ ခုနှင့် ဒေသခံပြည်သူသုံးသိန်းကျော်ကို ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့သည်ဟု ယူနန်နော်မန်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးကဆိုသည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် စီမံကိန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နော်မန်တက္ကသိုလ်ကလည်း အသေးစိတ်ပါဝင်လုပ်ဆောင်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေး အကယ်ဒမီသိပ္ပံမှ ကျွမ်းကျင်သူများက စိုက်ပျိုးမွေးမြူရေးအတွက် ဒေသခံပြည်သူများကို နည်းပညာများ ဖြန့်ဝေပံ့ပိုးကူညီပေးသည်။ တာဝန်ခံက ဒေသခံပြည်သူတို့ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကို အိမ်အပြန်ကြုံကြိုက်ပါက ကားပေါ်တင်၍ပင် ရောင်းချပေးသည်ဟုဆိုသည်။

ထိုသို့အပြောမဟုတ်၊ လက်တွေ့ကျကျ လုပ်ဆောင်နေသော တရုတ်ပြည်၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးစီမံကိန်းက အားကျအတုယူစရာဖြစ်ရသည်။

မြန်မာပြည်၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းများ အောင်မြင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရပါဦးမည်။ နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများကလည်း အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လုပ်ဆောင်ကြဖို့လိုသည်။ လူငယ်တို့အားကား အဓိကကျသည်။ ကိုယ့်မြို့ကိုယ့်ရွာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲတွင်းမှ လွတ်ကင်းရေးအတွက် မြန်မာလူငယ်မောင်မယ်များသည် ကိုရီးယားဇာတ်လမ်းတွဲများတွင်ပြောလေ့ရှိသည့် "နှာခေါင်းသွေးထွက်အောင် ကြိုးစားကြ"ဆိုဘိသို့နှယ် နှာခေါင်းသွေးထွက်သည်အထိ ဇွဲလုံ့လအပြည့်ဖြင့် ကြိုးပမ်းတည်ဆောက်ကြရပေဦးမည်။

နိမ့်ကျနေသည့် အမိနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဒုတိယကမ္ဘာစစ်အတွင်းက ပြာပုံဘဝမှ ရုန်းထလာခဲ့သော ဂျပန်ပြည်၊ ဂျပန်၏ ဖွံ့ဖြိုးတိုးတက်မှုကို မခံချင်စိတ်ဖြင့် ကြိုးပမ်းခဲ့ကြသော တစ်ချိန်က ဂျပန်ပြည်၏ ကိုလိုနီလက်အောက်ခံကိုရီးယားတို့၏ ဇာတိပုညဂုဏ်မာနနှင့် လုံ့လတို့ကို မြန်မာလူငယ်များ စံပြုအတုယူသင့်သည်။

"ကျွန်တော်က ကျိုက်လတ်၏ ကိုလိုနီခေတ်အတိတ်ကလူ၊ သူတို့က ကျိုက်လတ်မြို့သစ်ကို ဖန်တီးကြမည့် ဒုတိယမျိုးဆက်သစ်။ သူတို့သည် စာပေမွေ့သူများ ဖြစ်နေသည်ဆိုတော့ ကျွန်တော်ကျေနပ်ရသည်။ ကျွန်တော်တို့အတိတ်က ကိုလိုနီခေတ်ထက် သာလွန်သော ကျိုက်လတ်မြို့ကို ဖန်တီးကြပေလိမ့်မည်" ဟူသော "ကျိုက်လတ်ရုပ်ပုံလွှာ" ထဲက ဆရာကြီးဒဂုန်တာရာ၏ မျှော်လင့်ချက်စာစုလေးကို ကျွန်တော်သဘောကျပါသည်။ ဆရာကြီး ဒဂုန်တာရာသို့နှယ် ကျွန်တော်သည်လည်း ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိမျိုးဆက်တို့၏ ဖန်တီးတည်ဆောက်မှုကို မျှော်လင့်မိပါ၏။

ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာလူငယ်မောင်မယ်တွေ ဘာလုပ်ကြမလဲ။ ဘာလုပ်ကြရင် ကောင်းမလဲ။ ။

■

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၆၇ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ခွဲ့ထားအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၈ ဦး စုစုပေါင်း ၅၆ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခွဲ့ထားအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရမည်းသင်းတွင် ငရုတ်လှိုင်လှိုင်ထွက်ရှိပြီဖြစ်၍ နေ့စားအလုပ်သမားများ ဝင်ငွေရ

**ရမည်းသင်း အောက်တိုဘာ ၃**

ယခုလရာသီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း၌ ငရုတ်သီး လှိုင်လှိုင်ထွက်ပြီဖြစ်၍ မြို့ပေါ် ငရုတ်သီးပွဲရုံများတွင် နေ့စားအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းရှိ၍ ဝင်ငွေရရှိကြောင်း သိရသည်။

ငရုတ်သီးပွဲရုံများတွင် လုပ်ကိုင်ကြသော နေ့စားအလုပ်သမားများမှာ ငရုတ်သီးရွေးခြင်း၊ ငရုတ်သီးအညှာခြွေခြင်း၊ ကုန်တင်ကုန်ချလုပ်ကိုင်ခြင်း စသည့် လုပ်ငန်းများကို လုပ်ကိုင်ကြရသည်။

ငရုတ်သီးရွေးနေ့စားအလုပ်သမားများမှာ ငရုတ်သီးအခြောက်များတွင် ပါရှိသော ဘောက်၊ ဖလံ၊ အညှာကြွေ စသည်တို့ကို ရွေးချယ်ဖယ်ရှားကြရသည်။ နေကုန်တစ်နေ့လျှင် တစ်ဦး ကျပ် ၆၀၀၀ ပေးရပြီး နေ့စားစနစ်ဖြစ်သည်။



အလားတူ ငရုတ်သီး(အစို) ရွေးသူများမှာလည်း ငရုတ်သီးအစိုတွင်ပါသော အပုပ်၊ အညှာကြွေ၊ အစိမ်းတောင့်၊ အပျော့များ ရွေးချယ်ဖယ်ရှားရခြင်းဖြစ်ပြီး ငါးပိဿာဝင် ပလတ်စတစ်ခြင်းတစ်ခြင်းလျှင် ငရုတ်သီးရွေးခ ၅၀၀ ကျပ် ပေးရသည်။ တစ်ဦးလျှင် တစ်နေ့ ၁၀ ပိဿာကျော်ပြီးနိုင်သည်။ ထို့အပြင် ငရုတ်သီး(အခြောက်) အညှာခြွေသူများမှာလည်း တစ်ပိဿာလျှင် အညှာခြွေခ ကျပ် ၂၅၀ ပေးရသည်။ ငရုတ်သီး(အစို) ရွေးသူနှင့် ငရုတ်သီး(အခြောက်) အညှာခြွေကြသူများမှာ နေ့စားစနစ်မဟုတ်ဘဲ မိမိလုပ်နိုင်သမျှပြီးစီးမှုအပေါ် ဝင်ငွေရရှိကြောင်း သိရသည်။

ငရုတ်သီးပွဲရုံများမှာ အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းကြသော ငရုတ်သီး (အစို၊ အခြောက်)များကို ဝယ်ယူ၍ နေလှန်း၊ သန့်စင်၊ ရွေးချယ်ကာ မြဝတီနှင့် အခြားမြို့ကြီးများသို့ တင်ပို့ကြသည်ဟု သိရပြီး ငရုတ်သီးထွက်ရှိသော ရာသီပြီးဆုံးသည်အထိ နေ့စားအလုပ်သမားများလည်း ဝင်ငွေရကြသည်ဟု သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။** **စာတည်း**



# ပေါက်တောမြို့နယ်ရှိ IDPs စခန်း၌ ခိုလှုံနေကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံ

**ပေါက်တော အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်းရှိ မညင်းကိုင်းကျေးရွာအုပ်စု ကြိမ်နီပြင် IDPs စခန်း၌ ခိုလှုံနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာ အသက် ၄၅ နှစ်အထက်နှင့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယနေ့နံနက်ပိုင်းက ဆက်လက်ထိုးနှံပေးသည်။

**ကာကွယ်ဆေးဆက်လက်ထိုးနှံပေး**

အဆိုပါ IDPs စခန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအား ပေါက်တောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ထိုသို့ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုအောင် ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ပေးကြပြီး ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးကြသည်။ ကာကွယ်ဆေးထိုးနှံရာ၌ ကြိမ်နီပြင် IDPs စခန်းတွင် လာရောက်ထိုးနှံသူ အမျိုးသား/အမျိုးသမီး စုစုပေါင်း ၁၂၁ ဦးရှိကြောင်း သိရသည်။



ပေါက်တောမြို့နယ်၌ ဆင်တက်မော် IDPs စခန်း၊ အနောက်ရဲ IDPs စခန်း၊ ကြိမ်နီပြင် IDPs စခန်း၊ ငှက်ချောင်း(၁) IDPs စခန်းနှင့် ငှက်ချောင်း(၂) IDPs စခန်း ငါးနေရာတို့အနက် ဆင်တက်မော် IDPs၊ အနောက်ရဲ IDPs စခန်းနှင့် ကြိမ်နီပြင် IDPs စခန်းများ၌ ထိုးနှံပေးခဲ့ပြီး ကျန်ရှိ IDPs စခန်း နှစ်နေရာသို့ သွားရောက်ပြီး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြေပုံမြို့နယ်၌ တိုက်ပွဲရှောင်စခန်းနေပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံလျက်ရှိ

**မြေပုံ အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ တိုက်ပွဲရှောင်စခန်း ခြောက်ခုတွင် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinovac) ဒုတိယအကြိမ် ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက စတင်ကာ သတ်မှတ်စုရပ်များ၌ ထိုးနှံပေးလျက်ရှိသည်။

**ထိုးနှံပေးလျက်ရှိ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဦး လမ်းညွှန်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ထွေ/အုပ်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စခန်းတာဝန်ခံများ ပူးပေါင်း၍ ကာကွယ်ဆေးထိုးစုရပ် ခြောက်နေရာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်နှင့်အညီ ကမ်းထောင့်ကြီး၊ သရက်တောင်၊ ပင်ကပ်တောင်၊ ကျီးခေါင်းတောင်၊ ရက်ချောင်းနှင့် ပြားသုန်း တိုက်ပွဲရှောင်စခန်းများ၌ ကာကွယ်ဆေးထိုးရန် သတ်မှတ်လိုက်နာလုပ်ဆောင်ရမည့် စည်းကမ်းချက်များနှင့်အညီ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinovac)အား ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ သိရသည်။

တင်ဝင်း(ပြန်/ဆက်)

## မြတ်ဆရာ

(တေးထပ်)

☆ ဆရာသည် ပဓာနမို့
ထာဝရ မေ့ဘူးအစဉ်၊
ဂါရဝ ရှေ့ဦးတင်၊
ကျေးဇူးအင် မြင့်မား။
စိတ်ထားမြတ် ပြုံးမြရွှင်တယ်
ဆုံးမသင် မေတ္တာတွေပွား။
☆ မျက်ဝန်းက ကရုဏာ
လူ့ရွာမှာ ထင်ရှား။
သမုဒြာ အကြင်နာများရယ်က
ရင်မှာဖွား သားနှယ်။
ဆရာ့ဝန် အားမာန်မြင့်ပါလို့
မှားမှန်ချင့် လမ်းပြညွှန်တယ်...။
☆ ပွားဉာဏ်ဆင့် အမြင်ကျယ်အောင်
ဆင်ခြင်ဖွယ် နီတိထုံးတွေနဲ့
ပီတိဖုံး နောင်ရေးမျှော်
ဆောင်ပေးလို့ပျော်...။
☆ ဆရာ့ထက် တပည့်တော်ရင်
ကဝိမော် ကြည်နူးလို့လေး...။
☆ ဆရာ့စိတ် လိပ်ပြာမော်ကာ
သိက္ခာတော် မြင့်လွန်းလို့လေး...။
☆ ဆရာဝတ် သိက္ခာဖော်ကာ
လိပ်ပြာတော် သန့်လွန်းလို့လေး...။။

ရေနံ့သာမောင်ကျော်ညွှန့်

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ပြုကဗျာ

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

**နေ့စဉ်ထိုးနှံပေးလျက်ရှိ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ စသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။

**ဆောင်ရွက်ပေးနိုင်ခဲ့**

ယနေ့တွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ၁၄၆၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းတုံမြို့တို့၌ ၉၈၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ၄၀၀၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ၁၄၁၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ၆၀၅၁ ဦး၊ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီ ၁၀၇၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ၈၄၅၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်အတွင်း၌ ၃၈၂၅၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရသေ့တောင်မြို့နယ်၌ တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမည်

**ရသေ့တောင် အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ တိုက်ပွဲရှောင် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြသည့် အသက် ၄၅ နှစ်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinovac)အား ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၉ ရက်မှစ၍ သတ်မှတ်စုရပ်များတွင် စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရာတွင် ရသေ့တောင်မြို့နယ်အတွင်းရှိတိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေကြသည့် ပထမအကြိမ် ထိုးနှံပြီးစီးခဲ့သည့် အသက် ၄၅ နှစ်အထက်ရှိသည့် ပြည်သူများအား ဆေးထိုးနေရာ ခြောက်နေရာတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ ဆက်)**

# မြို့ပြနှင့်ကျေးလက် တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာစေရန် အထောက်အကူပြုမည့် တိုင်းရန်ကုန်မှ ကျေးလက်လမ်း၊ တံတားများ

ရန်ကုန်တိုင်းဒေသကြီးသည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ထွန်းကားရာ ကုန်စည်ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသည့် တိုင်းဒေသကြီးအဖြစ် ထင်ရှားလှသည်။ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းစသဖြင့် ခရိုင်လေးခုဖြင့် ဖွဲ့စည်းထားသည့် ရန်ကုန်တိုင်းဒေသကြီး လူဦးရေ၏ ၆၅ ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်ကြပြီး ၃၅ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ကြသည်။

သတင်းဆောင်းပါး- ရန်ကုန်ခင်
ဓာတ်ပုံ- ကျေးလက်မောင်

ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုဟုဆိုရာ၌ ထိုဒေသအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊စီးပွားရေး၊လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုတို့သည် မြို့ပြနှင့် ကျေးလက် ကွာဟမှုမရှိ တစ်ပြေးညီ ဘက်စုံ တိုးတက်ဖွံ့ဖြိုးနေရန် လိုအပ်လှသည်။


ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပံကျိုး-အောင်သဒ္ဒါန်းလမ်းပေါ်ရှိ သရောဘုတ်တံတား(ပေ ၁၄၀) ကို တွေ့ရစဉ်။

### အဆင့်မြှင့်တင်ဆောင်ရွက်

ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ဖောက်လုပ်ခြင်း၊ တံတားများ အဆင့်မြှင့်တင် တည်ဆောက်ခြင်းများကို နှစ်စဉ်ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကျေးလက်လမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခြောက်သွေ့ရာသီသာ သွားလာနိုင်သော လမ်းအဆင့်မှ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း အစရှိသည့် ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း မြို့နယ်များရှိ အချို့သောရပ်ကွက်၊ ကျေးရွာများသည် မြို့ပြနှင့်နီးသော်လည်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် လိုအပ်ချက်များရှိနေသေးသည်ဖြစ်ရာ ရန်ကုန်တိုင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် "ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်" ဟူသည့် မူဝါဒအတိုင်း အစွမ်းကုန် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

### ဆောင်ရွက်ပေးခဲ့

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ခရိုင်နှစ်ခုရှိပြီး တောင်ပိုင်းခရိုင်တွင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကိုကိုးကျွန်းတို့ ပါဝင်၍ မြောက်ပိုင်းခရိုင်တွင် တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင် တို့ပါဝင်ပြီး စုစုပေါင်းမြို့နယ် ၁၂ မြို့နယ်ရှိပါသည်။ ၎င်း ၁၂ မြို့နယ်တွင် ကျေးရွာ ၂၀၃၅ ရွာ ပါဝင်ပြီး ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ လေးနှစ်တာကာလအတွင်း ကွန်ကရစ်လမ်း ၅၁၆ မိုင် ၂ ဒသမ ၈၉ ဖာလုံ၊ ကတ္တရာလမ်း ၅ မိုင် ၆ ဖာလုံ၊ ကျောက်ချောလမ်း ၉၈ မိုင် ၃ ဒသမ ၆ ဖာလုံ၊ ဂဝံ/မြေနီလမ်း ၃၈ မိုင် ၆ ဖာလုံ၊ မြေသားလမ်း ၂၁၈ မိုင်၊ကွန်ကရစ်တံတား အစင်း၂၅၀ နှင့် Box Culvert ၄၆၅ စင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် Pilot Project အဖြစ် ဆောင်ရွက်ခဲ့သည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ ၁၂ မိုင် သုည ဒသမ ၅ ဖာလုံရှည်လျားသည့် ဖရုံလမ်းခွဲ-အဇနီးတောစွန်း-ပင်လယ်ချောင် ဆက်သွယ်ရေးလမ်းသည် အဆိုပါဒေသရှိ ကျေးရွာအုပ်စု ငါးစု၊ ကျေးရွာပေါင်း ၂၀၊ အိမ်ခြေ ၂၃၂၂ အိမ်နှင့် လူဦးရေ ၉၅၉၈ ဦး၊ စိုက်ပျိုးမြေဧက ၁၂၄၃၆ ဧကအတွက် များစွာအကျိုးပြုလျက်ရှိသည်။

### များစွာ အထောက်အကူပြု

ထို့အတူ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ၅ မိုင် ၄ ဖာလုံ ရှည်လျားသည့် ဥက္ကံ -ကျွဲဘုတ်လမ်းသည် ကျေးရွာအုပ်စု ငါးစု၊ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၁၀၆၇ အိမ်၊ လူဦးရေ ၄၂၁၆ ဦးနှင့် ၎င်းမြို့နယ်အတွင်းရှိ ၁၆ မိုင်ရှည်လျားသည့် ဥက္ကံ-သကြားစက် -တဘူးလှဆည်လမ်းသည် ကျေးရွာအုပ်စု ရှစ်စု၊ ကျေးရွာ ၂၀၊ အိမ်ခြေ ၁၇၀၅ အိမ်၊ လူဦးရေ ၈၉၀၇ ဦး၊ စိုက်ပျိုးမြေဧက ၂၅၀၀ တို့အား အကျိုးစီးပွားအတွက် များစွာ အထောက်အကူပြုလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းများအနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် လမ်းမိုင်စုစုပေါင်း ၁၉၄၉ မိုင်ရှိသည့်အနက် ရာသီမရွေး သွားလာနိုင်သောလမ်း ၃၃ ရာခိုင်နှုန်းနှင့် ခြောက်သွေ့ရာသီ သွားလာနိုင်သောလမ်း ၆၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရာသီမရွေး သွားလာနိုင်သောလမ်းမှာ ၅၇ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပြီး ခြောက်သွေ့ရာသီ သွားလာနိုင်သောလမ်းမှာ ၄၃ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်ဖြစ်ရာ ရာသီမရွေး သွားလာနိုင်သောလမ်းသည် ၂၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီဖြစ်သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သည့် ကျေးလက်လမ်း၊ တံတားများ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

### တိုးတက်လာခဲ့

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာ ရည်မှန်းချက်ကို နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၂၀၃၅ ရွာရှိသည့်အနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကျေးရွာ ၆၄၅ ရွာ၊ ခြောက်သွေ့ရာသီ သွားလာနိုင်သောကျေးရွာ ၁၃၉၀ ဖြစ်ပြီး အချိုးအားဖြင့် ရာသီမရွေး သွားလာနိုင်သောလမ်း ၃၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သောရွာ ၁၀၁၈ ရွာဖြစ်လာခဲ့ပြီး ခြောက်သွေ့ရာသီ သွားလာနိုင်သောရွာ ၁၀၁၇ ရွာသာ ကျန်ရှိတော့ရာ အချိုးအားဖြင့် ရာသီမရွေး သွားလာနိုင်သောလမ်း ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ရာ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် မြို့ပြနှင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများသည် ကွာဟမှုမရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။


ပေါက်ပင်-အေးရွာ ဆက်သွယ်ရေးကွန်ကရစ်လမ်းကို တွေ့ရစဉ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်ခြင်း၊ တံတားများအဆင့်မြှင့်တင်တည်ဆောက်ခြင်းများကို နှစ်စဉ်ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ**

# ဂျပန်ဝန်ကြီးချုပ်သစ်ဖြစ်လာမည့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖူမီယို ကီရှီဒါ

**တိုကျို အောက်တိုဘာ ၃**

အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖူမီယို ကီရှီဒါသည် လက်ရှိဝန်ကြီးချုပ် ဆူဂါပြီးနောက် ဝန်ကြီးချုပ် ရာထူးတာဝန်များကို ဆက်ခံမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၄ ရက်တွင် လွှတ်တော်အမတ်များက ဖူမီယိုကီရှီဒါအား ဝန်ကြီးချုပ်အဖြစ် ကြေညာမည်ဖြစ်သည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် ရွေးချယ်ရာတွင် ကီရှီဒါနှင့် စည်းမျဉ်းပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရိုတို့ ယှဉ်ပြိုင်ကြရာ ကီရှီဒါက ထောက်ခံမဲ ၂၅၇ မဲရရှိပြီး ကိုနိုတာရိုအား မဲအသာစီးဖြင့် အနိုင်ရရှိခဲ့သည်။ ကိုနိုတာရိုသည် ထောက်ခံမဲ ၁၇၀ ခန့်သာရရှိခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖူမီယို ကီရှီဒါသည် ဝန်ကြီးချုပ် ဆူဂါနေရာတွင် ပြောင်းလဲ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ဝန်ကြီးချုပ်ဆူဂါသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိစဉ် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကျင်းပရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့်အပေါ် ပြည်သူများ၏ဝေဖန်မှုကို ခံနေရသည့်အတွက် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၇၂ အရွယ် ဝန်ကြီးချုပ်ဆူဂါသည် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး ကျန်းမာရေး



အခြေအနေကြောင့် ရာထူးမှနုတ်ထွက်သွားပြီးနောက် ယမန်နှစ်စက်တင်ဘာလမှစပြီး ဝန်ကြီးချုပ်တာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့သူဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အကြီးအကဲနေရာတွင် ဆက်လက်ဆောင်ရွက်မည့်အစား နိုင်ငံအတွင်း ရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် ပိုမိုဆန္ဒပြင်းပြပါကြောင်း ဝန်ကြီးချုပ်ဆူဂါက ဆိုသည်။

ဝန်ကြီးချုပ်ဖြစ်လာမည့် ဖူမီယို ကီရှီဒါက နိုင်ငံအတွင်းရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ကပ်ရောဂါကြောင့် ထိခိုက်သွားသည့် စီးပွားရေးအခြေအနေများကို ပြန်လည်ဦးမော့လာရေးအတွက် အဓိကဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

ထို့ပြင် လွတ်လပ်ပြီး ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသထွက်ပေါ်လာရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ လူနာများကုသရေးအတွက် ယာယီဆေးရုံများ နိုင်ငံတစ်ဝန်း၌ တည်ဆောက်ရေးအတွက် အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏သိပ္ပံနှင့် နည်းပညာကဏ္ဍ တိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဖူမီယို ကီရှီဒါက ပြောသည်။

ဖူမီယို ကီရှီဒါက စည်းမျဉ်းပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရိုအား လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ပြည်သူ့ဆက်ဆံရေးဌာနချုပ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်မည်ဖြစ်သည်။

ကိုနိုတာရိုသည် လက်ရှိဝန်ကြီးချုပ်ဆူဂါ၏ အစိုးရအဖွဲ့တွင် စည်းမျဉ်းပြုပြင်ပြောင်းလဲရေး ဝန်ကြီးအဖြစ် ယမန်နှစ်စက်တင်ဘာလမှစပြီး တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ တာဝန်ရှိသူအဖြစ်လည်း ယခုနှစ် ဇန်နဝါရီလမှစပြီး တာဝန်ထမ်းဆောင်လျက်ရှိသည်။

လက်ရှိတွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ကီရှီဒါက အစိုးရအဖွဲ့သစ် ပြောင်းလဲဖွဲ့စည်းရန် အစိုးရအဖွဲ့ဝင်များအား ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

ကီရှီဒါက ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ညီငယ်ဖြစ်သူ ကီရှီနိုဘူအိုအား ကာကွယ်ရေး ဝန်ကြီးအဖြစ် ခန့်အပ်ရန် ရွေးချယ်ထားပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အထွေထွေ ကောင်စီဥက္ကဋ္ဌ ဆူဇူကီးရှုန်ချီအား ဘဏ္ဍာရေးဝန်ကြီးအဖြစ်ခန့်အပ်ရန် ရွေးချယ်ထားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၉၄ ဒသမ ၇ သန်းနီးပါးအသုံးပြုပြီးဖြစ်

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်နိုင်ငံ၌ ယမန်နေ့အထိ နိုင်ငံတစ်ဝန်းတွင် ရောဂါကာကွယ်ဆေးအလုံးရေ ၃၉၄၆၉၀၂၈၃ လုံးအထိ အသုံးပြုပြီးဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၇၈၃၆၂၀၄၅ လုံးအား နိုင်ငံအတွင်း ဖြန့်ချိထားပြီးဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။



အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၂၁၄၈၇၀၆၈၆ ဦးရှိကြောင်းနှင့် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၁၈၅၁၄၃၆၉၈ ဦးရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ဆုံးဖြတ်ခဲ့သည့် ဩဂုတ် ၁၃ ရက် နောက်ပိုင်းမှ စတင်ကာ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ကို အပိုဆောင်းထိုးနှံပေးခဲ့ရာ လက်ရှိတွင် ပြည်သူ ၄ ဒသမ ၇၄ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်း ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ကူးစက်ခံရသူစုစုပေါင်း ၄၄ ဒသမ ၄၉ သန်း ကျော်ရှိကြောင်း၊ သေဆုံးသူစုစုပေါင်း ခုနစ်သိန်းကျော်ရှိကြောင်းနှင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃ ဒသမ ၉ သန်းကျော် ရှိကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အလင်းသစ်**

# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၇၇၈ ဦးရှိလာ

**ဂျေရုဆလင် အောက်တိုဘာ ၃**

အစ္စရေးနိုင်ငံ၌ လွန်ခဲ့သော ၂၄နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၇ ဦးထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၇၇၇၈ ဦးရှိလာပြီဖြစ်သည်။ အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၈၅ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၈၇၉၇၇ ဦးရှိလာကြောင်း သိရသည်။

ကိုဗစ်-၁၉ လူနာ ၅၈၇ ဦးသည် ရောဂါအခြေအနေဆိုးရွားစွာ ခံစားနေရသည်။ သို့သော် ကိုဗစ်-၁၉ လူနာ ၆၁၅၄ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၂၃၅၈၀၉ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၆ ဒသမ ၁၂ သန်း (နိုင်ငံလူဦးရေ၏ ၆၅ ဒသမ ၁ ရာခိုင်နှုန်း) သည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှု ခံယူပြီးဖြစ်ပြီး ပြည်သူ ၅ ဒသမ ၆ သန်းသည် ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၃ ဒသမ ၄ သန်းသည် ကာကွယ်ဆေးတတိယအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၁၃၅ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် အောက်တိုဘာ ၃**

အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၁၃၅ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၆၁၁၇၀၀ ရှိလာသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၁၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၀၈၈၀ ရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၀၇၅၄၈၂ ဦးရှိသည်။ လူနာ ၅၈၀၂ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၄၀၀၆၃၅၇၀ သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၆၅၃၂၅၅၄ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**





# အင်ဒိုနီးရှားနိုင်ငံ၌ ၁၁၄၂ ဦး ရောဂါထပ်မံကူးစက်ခံရ

**ဂျကာတာ အောက်တိုဘာ ၃**
အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၄၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၂၁၉၂၈၄ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၂၁၇၃ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၂၀၂၀ ဆေးရုံများမှ ဆင်းသွားခဲ့ရာ ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့သူပေါင်း ၄၀၄၄၂၃၅ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၅၂ ဒသမ ၆၇ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၉၃ ဒသမ ၇၈ သန်းရှိသည်။

လူဦးရေ သန်း ၂၇၀ ရှိသည့်အနက် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် အင်ဒိုနီးရှားအစိုးရက ရည်ရွယ်ထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ရှစ်သိန်းကျော်ရှိလာ

**ဟနွိုင်း အောက်တိုဘာ ၃**
ဗီယက်နမ်နိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၇၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၈၀၈၅၇၈ ဦးရှိလာကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၇၆ ဦးအနက် ၅၃၆၇ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကိုးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၁၉၇၁၅ ဦးရှိသွားပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါအစုလိုက်အပြုံလိုက်ကူးစက်ခံရသည့်ဒေသများမှာ နိုင်ငံတောင်ပိုင်းမှဖြစ်ပြီး ဟိုချီမင်းစီးတီး၌ ၂၄၆၁ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ၁၂၈၃ ဦးနှင့် ဒွန်နိုင်းပြည်နယ်၌ ၈၂၄ ဦးဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၈၈၅၉ ဦးထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၉၃၇၉၇ ဦးရှိလာကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၄ ဒသမ ၆ သန်းနီးပါး အသုံးပြုပြီးဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# နယူးဇီလန်၌ ကူးစက်မြန်ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ခရီးသွားစည်းမျဉ်းတင်းကျပ်

**အောက်လန်း အောက်တိုဘာ ၃**
နယူးဇီလန်အစိုးရသည် နိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သည့်အောက်လန်းတွင် ကူးစက်မြန်ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် နယ်နိမိတ်မျဉ်းထိန်းချုပ်မှုကို ယနေ့မှစပြီး ပိုမိုတင်းကျပ်လိုက်သည်။

နယူးဇီလန်နိုင်ငံ အောက်လန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂ ဦးနှင့် အောက်လန်းမြို့မှ တောင်ဘက်ကီလိုမီတာ ၁၄၇ ခန့်အကွာတွင်တည်ရှိသောဝိုင်ကာတိုဒေသတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူနှစ်ဦး ယနေ့တွေ့ရှိခဲ့ပြီးနောက် ဝန်ကြီးချုပ်က အဆိုပါဒေသ၏ အစိတ်အပိုင်းများတွင် အသွားအလာ ငါးရက်ကြာကန့်သတ်ရန် ညွှန်ကြားလိုက်သည်။ နယူးဇီလန်အစိုးရသည် ယခုနှစ် ဩဂုတ်လလယ်ကတည်းက အောက်လန်းမြို့၌ အသွားအလာကန့်သတ်ထားသည်။

သို့သော် လူဦးရေ ၁ ဒသမ ၇ သန်းခန့်နေထိုင်သည့် အောက်လန်းမြို့၌ အသွားအလာကန့်သတ်မှု ဆက်လက်ချမှတ်သင့်၊ မသင့်နှင့်ပတ်သက်၍ အောက်တိုဘာ ၄ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဂျက်ဆင်ဒါအာဒန်က ပြောကြားသည်။

နယူးဇီလန်နိုင်ငံသို့ လာရောက်လည်ပတ်မည့် နိုင်ငံခြားသားခရီးသွားများသည် အသက် ၁၇ နှစ်နှင့် အထက်ရှိသူများဖြစ်ရန် လိုအပ်သလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူများဖြစ်ရန်လည်း လိုအပ်ကြောင်း နယူးဇီလန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဝန်ကြီး ခရစ်ဟစ်ပ်ကိန်းစ်က ပြောကြားသည်။

ထို့အပြင် နယူးဇီလန်လေကြောင်းလိုင်းက နိုင်ငံတကာမှလာသော ခရီးသည်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုမခံယူဘဲ ခရီးမထွက်ရဟူသော မူဝါဒတစ်ခုကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကြေညာထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ နယူးဇီလန်နိုင်ငံ၌ ကူးစက်မြန်ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၂၀ ရှိလာကြောင်းသိရသည်။

ကိုးကား - ဂါးလ်ဖ်တူဒေး
ဘာသာပြန် - ဂျေတီ

■



# လာအိုနိုင်ငံ၌ ကာကွယ်ဆေးထိုးနှံမှု ခံယူထားခြင်းမရှိသူ နှစ်ဦး သေဆုံး

**ဗီယင်ကျန်း အောက်တိုဘာ ၃**
လာအိုနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ နှစ်ဦးရှိပြီး အဆိုပါသေဆုံးသူများသည် ကာကွယ်ဆေးထိုးနှံမှုခံယူထားခြင်းမရှိကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်တုံ့ပြန်ရေးဆိုင်ရာအမျိုးသားကော်မတီက ယနေ့သတင်းထုတ်ပြန်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၁ ဦးရှိပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကူးစက်ရောဂါများထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဆီဆာဗက် ဆောက်သန်နီရာဆေက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါသေဆုံးသူနှစ်ဦးအနက် တစ်ဦးသည် ၄၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ချမ်ပါဆက်ခရိုင်မှ ဖြစ်သည်။ ကျန်တစ်ဦးသည် ၈၄ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ဗီယင်ကျန်းခရိုင်မှ ဖြစ်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၉၆ ဦးသည် ဒေသတွင်းရောဂါကူးစက်ခံရသူများဖြစ်ပြီး ကျန် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၅၂၁၄ ဦးရှိပြီး သေဆုံးသူပေါင်း ၂၂ ဦးရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၃၂ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ အောက်တိုဘာ ၃**

အာဖရိကတိုက်၌ ယနေ့မွန်းလွဲပိုင်း အချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၃၂၆၉၂၅ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၁၁၈၄၂ ဦးရှိလာကြောင်း သိရသည်။ လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၇၆၆၄၈၈၆ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၃ ဒသမ ၈၁ သန်းကျော်ရှိလာ

**နယူးဒေလီ အောက်တိုဘာ ၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၈၄၂ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၃၈၁၃၉၀၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၄ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၄၈၈၁၇ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်းဖြစ်ကြောင်းနှင့် ကီရာလာပြည်နယ်၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၂၁၇ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၁ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၇၀၅၅၇ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၅၉၃၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၀၉၄၅၂၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၇၆၉ ဦး ထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၇၆၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၅၈၆၅၃၆ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၉၀ ထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၀၉၉၁၈ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၅၃၉၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၇၂၅၉၆၅ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၈၄ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၆၄၆၂၃၉ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဒေသတွင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ ရုရှားနိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၂ ဒသမ ၅ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



| |
|---|
| **ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ** |
| **ပိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၃၅၅၀၂၉၁၂ ဦး** |
| **သေဆုံးသူ ၄၈၁၃၄၂၁ ဦး** |
| **ပြန်လည်ကျန်းမာလာသူ ၂၁၂၃၀၇၆၉၁ ဦး** |

# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၉၁၅ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၉၁၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၂၆၈၄၉၉ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ခုနစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၀၉၀၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟစ်ဟမ်အဗ္ဗဒူလာရ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၀၉ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၆၅၆၅ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ၁၅၃၉၆ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၀၈၆၁၁၁ ဦး ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၅၅၈၂၃ ဦးရှိပြီး ၈၉၀ သည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၄၈၅ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၁၁၅၁၇ ခန့် ထိုးနှံပေးပြီးဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၂ ဒသမ ၇ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၆၂ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# ဘုရားကြီးမြို့ ရွှေသံလွင်ပူးပေါင်းစစ်ဆေးရေးစခန်း၌ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းလေးသောင်း သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃**

ပဲခူးမြို့နယ် ဘုရားကြီးမြို့ ရွှေသံလွင် ပူးပေါင်းစစ်ဆေးရေး စခန်းတွင် ငွေကျပ်သိန်း ၃၄၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်လျက်ရှိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးမြို့နယ် ဘုရားကြီး မြို့ ရန်ကုန်-မော်လမြိုင် သွားကားလမ်းရှိ ရွှေသံလွင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အောင်မိုးသူ(ခ)သားသားမောင်းနှင် လာသည့် NISSAN Wingroad ယာဉ်ကို သတင်းအရရှာဖွေရာ



အောင်မိုးသူ(ခ) သားသားအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ငွေကျပ်သိန်း ၃၄၀၀ ကျော်တန်ဖိုး ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၄ သိန်း တွေ့ရှိသိမ်းဆည်း ရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက် အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ် ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့ သယ်ဆောင်ပြီး ရန်ကုန်မြို့မှတစ်ဆင့် မြိတ်မြို့သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ် ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများ အားဆက်လက်စစ်ဆေးဖော်ထုတ် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃**

**မိုးညှင်းမြို့နယ်**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင် သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မိုးညှင်းမြို့နယ် နန့်စီးအောင် ကျေးရွာ ပူးပေါင်းစစ်ဆေးရေး စခန်းအနီးတွင် FOTON အမျိုး အစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ မဇာခြည်ဝင်းထံမှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကိုလည်းကောင်း။

**မြဝတီမြို့**

အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင် များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ သဃ်န်းညီနောင် ပူးပေါင်းစစ်ဆေးရေးစခန်းအနီး တွင် စောမြညွန့် မောင်းနှင်ပြီး စောအယ်ဖော လိုက်ပါလာသည့် HILUX VIGO အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၉၀၀၀ ကို လည်းကောင်း။

**မိုင်းဆတ်မြို့နယ်**

အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မူးယစ် ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ် မြို့နယ် မဟုန်လွယ်ကျေးရွာ အနီး မိုင်းဆတ်-တာချီလိတ် သွား ကားလမ်းတွင် အားဒို(ခ)လော်ဖာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၄၀၀၀ ကို လည်းကောင်း။

**တာချီလိတ်မြို့နယ်**

အောက်တိုဘာ ၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မူးယစ် ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ် မြို့နယ် ဝမ်ဆောက်ခုံကျေးရွာ အနီး ဆွတ်ဆိုင်-မယ်ယန်း သွား ကားလမ်းတွင် လမ်းလျှောက်လာ သူ အားမူကို မသင်္ကာဖွယ် တွေ့ရှိ သဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ ညနေ ၅ နာရီ ၅ မိနစ်တွင် တာချီလိတ်မြို့နယ် ဝမ်ဆောက်ခုံကျေးရွာ အနီး ဆန်းလင်းအောင် (ခ)ကိုငယ် ကို စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀နှင့် အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သိရသည်။ **ရဲပြန်ကြား**



မဇာခြည်ဝင်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်း အဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၃၂ စီး၊ သွင်းကုန် ၁၈၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် သွင်းကုန် ၂၂၅ စီး ကုန်စည်များ သယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုညဒသမ ၆ သိန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း တစ်စုံ တစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတ်ဖြတ်စ ၁၁ ထုပ် 400 Kg အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၀-၂၀၂၁ တနင်္လာနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ ဓောဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၉:၂၀ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၃၀ | ဘဝနှင့်အနုပညာ |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်' |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ |
| ၁၇:၀၅ | This Week's Special Interest |
| ၁၇:၂၀ | ကျန်းမာရေးမဂ္ဂဇင်း 'မြန်မာ့တိုင်းရင်းဆေး အခြေခံသဘောထားအရက၊ စိတ်၊ ဥတု၊ အာဟာရနည်းလမ်းများနှင့် ကိုဗစ် – ၁၉ ရောဂါအား ကြိုတင်ကာကွယ်ခြင်း |
| ၁၇:၅၀ | တစ်တိုင် ဆီမီးမှသည် |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၁၉:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဧငါ်ဆောင်ရာ' (အပိုင်း-၇၅) |
| ၂၂:၂၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'စိတ်၏ကကြိုး' |

**mitv**

| | |
|---|---|
| 07:01 | News |
| 07:27 | Pride of Myanmar - Bagan arts and handicrafts |
| 07:41 | A Simple And Peaceful Life |
| 07:54 | Golden Mandalay Hill |
| 08:01 | Myanmar Masterclass: Artist Zay Yar Aye |
| 08:14 | AChanmyay Yeiktha Meditation Centre- Chaw Dwin Gone |
| 08:31 | Myanmar Tradition of Lotus Flower |
| 08:52 | Myanmar Snacks and Nutrition Value: Kauk Hnyin Paung |
| 09:01 | A Journey To Southern Shan State (Ep-3) |
| 09:17 | A Glance At A Naga Family Life |
| 09:36 | Ywar Thit's Monhinkhar |
| 09:50 | Thin Byu Mat |
| 10:01 | Dances of Myanmar: Rvwang Azulam Dance |
| 10:05 | Chef Life: Myo Min Soe Oo |

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ကျေးရွာ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဝါးဆစ်ဘူး ထမင်းပေါင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
တောလိုက်ထွက်ကြရအောင်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားပုတောင်ပေါ်မှ လှပသောမြင်ကွင်းတစ်ခွင်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၃)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၃)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကား ပြောကြရအောင် (အပိုင်း-၃)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လှမ်းခဲ့ပါလေ တောင်တိုမြေ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကွန်ဟိန်-တောင်ကြီးကြားကရှမ်းငြိမ်းတဲ့လမ်းခရီး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဗုဒ္ဓဂါယာသို့ အလည်တစ်ခေါက်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လချိတ်ရိုးရာ ဝတ်စားဆင်ယင်မှုအကြောင်း

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၆) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉၄ ဦး တွေ့ရှိကြောင်း သတင်းထုတ်ပြန်

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၃၉၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၉၄)ဦးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၃၇၆,၀၁၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၆၈,၄၆၃)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၄၉၀)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၂၂,၇၅၅)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄၈)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၈၈၃)ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၁၀-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၈,၃၉၀,၇၄၆)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ (၃,၈၇၂,၉၅၆)ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၅၁၇,၇၉၀)ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂-၁၀-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၁၂,၂၆၃,၇၀၂) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၅၀)ခု | (၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂)ခု | (၁၀)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၅၃)ခု | (၁၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၀)ခု | (၃၇)ဦး |
| စစ်တွေမြို့၊ အမှတ်(၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၃)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၃)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၅)ခု | (၇၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၆၄၄)ခု | (၁,၀၄၁)ဦး |
| စုစုပေါင်း | (၁၄,၃၉၀)ခု | (၁,၁၉၄)ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂-၁၀-၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၅၁၇,၇၉၀) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၃,၈၇၂,၉၅၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၈,၃၉၀,၇၄၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၂,၂၆၃,၇၀၂) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၄၄၉၀၈၉၇ | ၃၃၉၁၇၉၅၉ | ၇၁၉၆၇၄ |
| ၂။ | အိန္ဒိယ | ၃၃၈၁၃၉၀၃ | ၃၃၀၉၄၅၂၉ | ၄၄၈၈၄၆ |
| ၃။ | ဘရာဇီး | ၂၁၄၅၉၁၁၇ | ၂၀၄၃၆၁၂၇ | ၅၉၇၇၄၉ |
| ၄။ | ဗြိတိန် | ၇၈၇၁၀၁၄ | ၆၃၈၇၂၆၇ | ၁၃၆၉၁၀ |
| ၅။ | ရုရှား | ၇၅၈၆၅၃၆ | ၆၇၂၅၉၆၅ | ၂၀၉၉၁၈ |
| ၆။ | တူရကီ | ၇၂၁၀၉၁၆ | ၆၆၆၄၂၄၂ | ၆၄၄၆၇ |
| ၇။ | ပြင်သစ် | ၇၀၂၃၃၁၆ | ၆၇၈၈၃၁၂ | ၁၁၆၇၈၉ |
| ၈။ | အီရန် | ၅၆၂၄၁၂၈ | ၅၀၉၅၆၂၇ | ၁၂၁၁၀၉ |
| ၉။ | အာဂျင်တီးနား | ၅၂၅၉၃၅၂ | ၅၁၂၁၆၆၇ | ၁၁၅၂၃၉ |
| ၁၀။ | စပိန် | ၄၉၆၁၁၂၈ | ၄၇၅၅၇၃၈ | ၈၆၄၆၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၁၉၂၈၄ | ၄၀၄၄၂၃၅ | ၁၄၂၁၇၃ |
| ၂။ | ဖိလစ်ပိုင် | ၂၅၈၀၁၇၃ | ၂၃၉၇၄၅၆ | ၃၈၆၅၆ |
| ၃။ | မလေးရှား | ၂၂၆၈၄၉၉ | ၂၀၈၆၁၁၁ | ၂၆၅၆၅ |
| ၄။ | ထိုင်း | ၁၆၃၇၄၃၂ | ၁၅၀၈၁၆၇ | ၁၇၀၁၄ |
| ၅။ | ဗီယက်နမ် | ၈၀၃၂၀၂ | ၆၆၄၉၃၈ | ၁၉၆၀၁ |
| ၆။ | မြန်မာ | ၄၆၈၄၆၃ | ၄၂၂၇၅၅ | ၁၇၈၈၃ |
| ၇။ | ကမ္ဘောဒီးယား | ၁၁၃၂၅၆ | ၁၀၄၄၀၈ | ၂၃၈၃ |
| ၈။ | စင်ကာပူ | ၁၀၁၇၈၆ | ၈၀၇၂၇ | ၁၀၇ |
| ၉။ | လာအို | ၂၅၂၁၇ | ၁၈၇၀၅ | ၂၂ |
| ၁၀။ | ဘရူနိုင်း | ၇၇၁၆ | ၅၃၂၅ | ၅၆ |

# မြန်မာနိုင်ငံအတွင်း မည်သူက အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည်၊ မည်သူက အပြစ်မဲ့ပြည်သူလူထုကို သတ်နေသည်ကို သက်သေ အထောက်အထားများ ခိုင်ခိုင်လုံလုံရှိ

## သက်ဆိုင်သည့်အဖွဲ့အစည်းများက သက်ဆိုင်ရာ တရားဝင်လမ်းကြောင်းအတိုင်း တောင်းခံလာပါက ဖြေရှင်းပေးရန်အသင့်ရှိ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

(ယမန်နေ့မှအဆက်)

**97 သတင်းမီဒီယာမှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)**က ပြင်ဦးလွင်ဒေသတွင် One Village၊ One Product စနစ်ဖြင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများကို အထွက်နှုန်းကောင်းမွန်စေရန်အတွက် Quality Product ဖြစ်စေရန် ကူညီဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိသည်ဟု သိရှိရကြောင်း၊ ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ကူညီဆောင်ရွက်ပေးနေပါသလဲ၊ နောင်လည်း ဘယ်လိုကူညီဆောင်ရွက်ပေးရန်ရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကော်ဖီစိုက်ပျိုးခြံများကို သွားရောက်သည့်အခါ ကော်ဖီစိုက်ပျိုးသည့်တောင်သူများနှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့ တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ထိုတောင်သူများဆီက အကြံဉာဏ်များကိုလည်း ရယူခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်သွားမည့် ကော်ဖီလုပ်ငန်းနှင့် ပတ်သက်၍ အစုအဖွဲ့နှင့် ဆောင်ရွက်ရန်၊ နံပါတ်နှစ်အချက်က Quality ထိန်းရန်၊ နံပါတ်သုံးအချက်က ကော်ဖီနှင့်ပတ်သက်၍ နိုင်ငံခြားဈေးကွက်ချဲ့ထွင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားဈေးကွက်ချဲ့ထွင်ပြီး ပုံမှန်နိုင်ငံခြားပို့ဆောင်ရေးလမ်းကြောင်းကို ရရှိအောင် မိမိတို့ ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

### စိုက်ပျိုးရေးစရိတ်ချေးငွေ

**Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦး**က ယခုအချိန်တောင်သူလယ်သမားများက စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်နေရသည့်ကာလဖြစ်ကြောင်း၊ ယင်းစိုက်ပျိုးရေးစရိတ်ချေးငွေ ပြန်ဆပ်သည့်အချိန်ကာလနောက်ကျသည့်အတွက် ဒဏ်ကြေးငွေ သတ်မှတ်ပေးသွင်းရသည်ဟု ကြားသိရကြောင်း၊ ထိုပေးသွင်းရသည့်ပမာဏက သိပ်မများသော်လည်း တောင်သူလယ်သမားများက ဝင်ငွေတော်တော်လေးကျပ်တည်းနေသည့်အတွက် ထိုဒဏ်ကြေးငွေကို ဖြေလျှော့ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်သလားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စက မူဝါဒနှင့်ဆိုင်သည့်မေးခွန်းဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိအနေဖြင့် သက်ဆိုင်သည့်လူများအား ဖြစ်ပျက်နေသောအခြေအနေများကို သတင်းပို့ပေးမည်ဖြစ်ကြောင်း၊ နည်းလမ်းနှစ်လမ်းရှိကြောင်း၊ တချို့ကလည်း ပြန်မဆပ်လို၍လည်း ဖြစ်နိုင်ကြောင်း၊ တချို့ကလည်း တကယ်မဆပ်နိုင်၍ ရှိကောင်းရှိလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် ယခုကာလ အကျပ်အတည်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်ပြီး စီးပွားရေးပြန်လည်ကုစားရေးဆိုပြီး အစီအစဉ်များရှိကြောင်း၊ ထိုအစီအစဉ်ဘောင်အတွင်းက အကျုံးဝင်လျှင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ဆက်လက်၍ Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦး**က စက်သုံးဆီဈေးနှုန်း မြင့်တက်လာကြောင်း၊ မြင့်တက်မှုနှင့်အတူ အခြင်အတွယ်များနည်းနည်းကွဲလွဲနေသလားဆိုသည်ကို သံသယဖြစ်စရာရှိကြောင်း၊ ယခင်က ရန်ကုန်မှ နေပြည်တော်အထိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

လာပါက စက်သုံးဆီကျပ် ၂၀၀၀၀ ခန့် ထည့်လျှင် အဆင်ပြေကြောင်း၊ ဆီဖိုးမြင့်တက်မှုက နှစ်ဆ မဖြစ်ပေမယ့် ကုန်ကျစရိတ်ကနှစ်ဆလောက် ဖြစ်သွားကြောင်း၊ ယခင်က တစ်လီတာကို ကျပ် ၁၀၀၀ ဝန်းကျင်တွင် ကျပ်နှစ်သောင်းကုန်လျှင် ယခုအချိန်တွင် ၄၀၀၀၀ နှင့် မလုံလောက်သည့် အခက်အခဲရှိနေကြောင်း၊ ထိုအရာများကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဆိုင်များတွင်ရောင်းချနေသည့် အခြင်အတွယ်များကို ပြန်လည်စစ်ဆေးပေးရန် ရှိနိုင်မည်လားဆိုသည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်၍ စက်သုံးဆီအရည်အသွေးနှင့် စက်သုံးဆီအခြင်အတွယ်များ တိုင်းတာစစ်ဆေးသည့် ဌာနများရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး သံသယရှိပါက ၎င်းအဖွဲ့အစည်းနှင့်ဆက်သွယ်ပြီး ဆောင်ရွက်စေလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအစည်းအဝေးတွင် ပြည်ပရောက်နေသည့် မြန်မာနိုင်ငံသားများက မြန်မာနိုင်ငံအတွင်းမှာ NLD၊ PDF အကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ် ဖောက်ခွဲဖျက်ဆီးလုပ်ရပ်များကို ချပြပြီး မြန်မာနိုင်ငံသူ/ နိုင်ငံသားများလည်း ငြိမ်းချမ်းရေးကို သာအလိုရှိသည်ဟု ဆန္ဒပြမှုများ လုပ်ခဲ့ကြသလို ပြည်တွင်းမှ လက်မှတ်ရေးထိုးကြပြီး အားပေးထောက်ခံမှုများရှိကြောင်း၊ ၎င်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားအမြင်အနေအထား မည်သို့ရှိသည်ကို သိလိုကြောင်း၊ ထို့နောက် ရန်ကုန်မြို့ပေါ်တွင် ပြန်ကြားရေးသတင်းဌာန၏ သတင်းထုတ်ပြန်ချက်များအရ မိမိတို့သိရှိသည်မှာ NLD အမတ်ဟောင်း ဖြိုးဇေယျာသော်၏ ခိုင်းစေချက်များကြောင့် သေဆုံးရသူ၊ ပျက်စီးဆုံးရှုံးမှုများ များစွာဖြစ်နေကြောင်း၊ ဖြိုးဇေယျာသော်နှင့် ပတ်သက်၍ မည်သည့်အမှုများ ဖွင့်လှစ်ထားပါသလဲ၊ ၎င်းက ပြည်တွင်း၌ရှိပါသေးသလား၊ ပြည်ပကို ထွက်ပြေးသွားပြီလားဆိုသည်ကို သိလိုကြောင်း၊ နောက်တစ်ချက်အနေဖြင့် NLD၊ PDF အကြမ်းဖက်သူများ၏ ရန်ပြုစော်ကားခံနေရသည့် ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ လယ်ယာမြေသိမ်းဆည်းခံရသည့်ကိစ္စများ ဆောင်ရွက်နေသည့်အခြေအနေများကို ဖြေကြားပေး၍ ရသလောက် ဖြေကြားပေးစေလိုကြောင်းမေးမြန်းသည်။

### ပြည်ဖျက်မီဒီယာများကိုအခြေခံပြီး ရေးသား

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က NUG အမည်ခံ အကြမ်းဖက်အဖွဲ့များကို နိုင်ငံခြားကနေ ကူညီပံ့ပိုးနေသည့်သူများ၊ နိုင်ငံခြားမှာရှိနေသူများက မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပေးပို့နေသူများရှိကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံတို့ကို ပေးပို့နေသည်များရှိကြောင်း၊ ICJ၊ ICC တို့ကို ပေးပို့နေသည်များရှိကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး နံပါတ်တစ်အချက် သတင်းများနှင့်ပတ်သက်ပြီး သတင်းအမှန်အတိုင်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အချို့နိုင်ငံကြီးများ၊ အချို့အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများကိုအခြေခံပြီး ရေးသားနေမှုများရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မည်သူက အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည်၊ မည်သူက အပြစ်မဲ့ပြည်သူလူထုကို သတ်နေသည်ကို သက်သေအထောက်အထားများ ခိုင်ခိုင်လုံလုံရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်သည့်အဖွဲ့အစည်းများက သက်ဆိုင်ရာ တရားဝင်လမ်းကြောင်းအတိုင်း တောင်းခံလာပါက ဖြေရှင်းပေးရန် အသင့်ရှိသည်ဟု ပြောလိုကြောင်း၊ ဖြိုးဇေယျာသော်နှင့်ပတ်သက်၍ ရန်ကုန်မြို့အတွင်း၌ ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ၊ ဗုံးပေါက်ကွဲတိုက်ခိုက်မှုအများစုက ထိုလူနှင့်ပတ်သက်နေသည်ကို တွေ့ရကြောင်း၊ ထိုလူနှင့်ပတ်သက်ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဥပဒေစသည့် လူသတ်မှု၊ လူသေစေမှု၊ အားပေးမှုဥပဒေများနှင့် ထိုသူကို တရားစွဲဆိုထားကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရမိအောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေနှင့်ပတ်သက်၍ မည်သည့်နေရာတွင်ဖြစ်သည်ကို တိတိကျကျလေး ထည့်ပေးစေလိုကြောင်း၊ လယ်ယာမြေနှင့်ပတ်သက်သည့်လုပ်ငန်းများက ယခင်က ဒုတိယသမ္မတဦးဆောင်သည့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီကို တင်ရမှုများရှိကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် လက်တွေ့ကွင်းဆင်း ဆောင်ရွက်မှုများ နည်းနေကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မည်သည့်နေရာတွင်ဖြစ်သည်ကို တိတိကျကျ မေးခွန်းမေးစေလိုကြောင်း၊ မိမိတို့အနေဖြင့် သက်ဆိုင်ရာကို ပြန်လည်မေးမြန်းပြီး ပြန်လည်ဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်း(မ်)အွန်လိုင်းအေဂျင်စီမှ အယ်ဒီတာ ဦးမင်းမောင်**က ပြီးခဲ့သည့်အပတ်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းထဲမှာ “ပြည်ပရောက်နေသည့် ပြည်သူလူထုများ ပြည်တွင်းကို ပြန်လာခဲ့ပါ။ ပြည်တွင်းရောက်ရင်လည်း ဆိုးသမျှဒဏ်များကို ကျွန်တော်တို့သည်းခံပြီး ထိန်းသိမ်းပေးပါမယ်” ဟု ပြောကြားသွားခြင်းကို သိရှိထားပါကြောင်း၊ ပြည်ပရောက် ပြည်သူများ ပြန်ရောက်သည့်အချိန်တွင် မြန်မာနိုင်ငံအတွင်း လူဦးရေများ၊ လုပ်ငန်းရှား၊ အလုပ်လက်မဲ့မှုများသည့်အပေါ် ပြည်သူလူထုအနေဖြင့် စားဝတ်နေရေးအတွက် မြေပြင်တွင် တော်တော်များများ ပြဿနာတက်နေပါကြောင်း၊ အချို့ထမင်းနပ်ကျော် စားနေရသည်ကို မြေပြင်တွင် တွေ့ရပါကြောင်း၊ အချို့အလုပ်မရှိသည့်အတွက် မိသားစုတစ်စုလုံး အလုပ်ထွက်လုပ်ပြီး ရသမျှဖြင့် ချွေတာပြီးစားရသည့် အခက်အခဲများရှိကြောင်း၊ ဆေးဝါးကုသရန်ငွေမရှိခြင်းများ၊ ယခု ကိုဗစ်ကာလတွင် ကိုဗစ်ဖြစ်ပြီး အောက်ဆီဂျင်မရသည့်အတွက် အောက်ဆီဂျင်အခက်အခဲဖြစ်ကြောင်း၊ အောက်ဆီဂျင်ဝယ်ရန်အတွက်လည်း ၎င်းတို့တွင် ငွေမရှိပါကြောင်း၊ ဆေးဖိုးမရှိသည့်အတွက် အသက်ဆုံးရှုံးမှုများ မြေပြင်တွင်တွေ့ရပါကြောင်း၊ ပြည်သူလူထုစားဝတ်နေရေး ကျပ်တည်းမှုနှင့် အခက်အခဲများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ ကူညီဖြေရှင်းပေးသွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### သင်္ဘောနှစ်စင်းဖြင့် ပြန်ခေါ်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြန်လည်ဝင်ရောက်ရေးအစီအစဉ်နှင့် ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့သည်မှာ ပြန်လည်ဝင်ရောက်ရေးတွင် မြန်မာနိုင်ငံသူ/ နိုင်ငံသားများဖြစ်သည့်အတွက် လက်ခံရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံက ပြန်လာသည့်သူများ ငွေအလိမ်ခံရ၍ မလေးရှားတွင် သောင်တင်နေခြင်းကြောင့် တပ်မတော်က နိုင်ငံတော်စရိတ်ဖြင့် ပြန်ခေါ်လာရခြင်းများရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် ကျေးဇူးတင်ကြပါကြောင်း၊ ပြည်ပနိုင်ငံတွင် စားစရာ သောက်စရာမရှိဘဲနေမည့်အစား မြန်မာနိုင်ငံကို ပြန်လာနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို ပြန်ရောက်လာပြီး “ပြဿနာ အရှာခံရင်ခံရပါစေ” ပြန်ခေါ်မည်ဖြစ်ကြောင်း၊ အမှန်တကယ်လည်း အရှာခံလိုက်ရသည့် ဇာတ်လမ်းများရှိပါကြောင်း၊ မလေးရှားကနေ မလေးရှားထောင်ထဲတွင် ဒုက္ခရောက်နေသည့်သူများကို သင်္ဘောနှစ်စင်းဖြင့် ပြန်ခေါ်လာပြီး ဘယ်မှမရောက်သေးဘဲ နိုင်ငံတော်နှင့် တပ်မတော်က ကျွေးထားပြီး Quarantine Center တွင်ရှိနေချိန်တွင် ပြဿနာရှာခဲ့သည်များရှိပါကြောင်း၊ လက်တွေ့ဖြစ်ပါကြောင်း၊ စင်တာတွင်နေထိုင်ပြီး အစိုးရဆန့်ကျင်ရေးလှုံ့ဆော်မှုများတွေ့ရကြောင်း၊ ထိုအရာများကိုလည်း အရေးယူခြင်းမလုပ်ဘဲ သည်းခံခဲ့ကြောင်း၊ နောင်လာမည့်သူများလည်း ပြန်လည်ခေါ်ဆောင်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ စားဝတ်နေရေး အကျပ်အတည်းအနေဖြင့် အထိုက်အလျောက်ဈေးတက်မှုများ၊ ငွေကြေးဖောင်းပွမှုများကြောင့် ရှိကောင်းရှိနိုင်ပါကြောင်း၊

စာမျက်နှာ ၁၇ သို့ ❂

✪ စာမျက်နှာ ၁၆ မှ

လက်ရှိတာဝန်ယူထားသည့် အစိုးရအနေဖြင့် အတိတ်သမိုင်းကို လက်ညှိုးထိုးနေမည်မဟုတ်ကြောင်း၊ ထိုးရန်အတွက် အချိန်မရှိပါကြောင်း၊ တတ်နိုင်သမျှ အကောင်းဆုံးဖြစ်ရန် စားနပ်ရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**အခြေခံလစာကို ညှိနှိုင်းပေးရန်အစီအစဉ် ရှိ/မရှိ**

**Myanmar National Post သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မြန်မာနိုင်ငံသည် တိုင်းရင်းသားလက်နက်ကိုင်များသည့် နိုင်ငံဖြစ်သည့်အပြင် PDF များက မြို့ပေါ်အထိ လက်နက်စွဲကိုင်ပြီး ပြည်သူလူထုများကို ဒုက္ခပေးနေသည့် အနေအထားတွင်ရှိနေပါကြောင်း၊ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည်နှင့်အညီ တပ်မတော်အင်အားရှိရန်အတွက် လိုအပ်လာသည့်အချိန် ဖြစ်ပါကြောင်း၊ သာမန်အထည်ချုပ်စက်ရုံက အမျိုးသမီးတစ်ယောက်၏ အလုပ်ချိန် ၈ နာရီတွင် ၄၈၀၀ ကျပ် ရှိပါကြောင်း၊ တပ်မတော်သားများ၏ လစာသည် ၄၈၀၀ ကျပ် မရှိပါကြောင်း၊ လွှတ်တော်ထဲက လွှတ်တော်ကိုယ်စားလှယ်များ၏ လစာသည် ၁၀ သိန်းအပြင် နေစရိတ်၊ စားစရိတ် စရိတ်ငြိမ်းဖြစ်ပါကြောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏လစာသည် ပုံမှန်လစာဖြစ်ပါကြောင်း၊ အရပ်ဘက် စစ်ဘက်ကိုညှိနှိုင်းပြီး တပ်မတော်အကြီးအကဲများက တပ်မတော်သားများ တပ်မတော်အတွင်း အနေပျော်အောင် အခြေခံလစာကို ညှိနှိုင်းပေးရန်အစီအစဉ် ရှိ/မရှိနှင့် မကြာခင်ကျောင်းများပြန်ဖွင့်မည်ဖြစ်၍ ဘုန်းတော်ကြီးပညာသင်ကျောင်းများကလည်း အရေးပါပါကြောင်း၊ ပညာရေးအတွက် ပညာရေးဝန်ကြီးဌာနဘတ်ဂျက်ဖြင့် သုံးရန်အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တပ်မတော်သားများ၏ လစာနှင့်ပတ်သက်ပြီး တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ တိုင်းစစ်ဌာနချုပ်များအလိုက်၊ တပ်ရင်း/တပ်ဖွဲ့များအလိုက် တပ်မတော်သားများ၏ သက်သာချောင်ချိရေးနှင့်ပတ်သက်ပြီး သီးသန့်ရန်ပုံငွေဖြစ်ကြောင်း၊ သီးသန့်ရန်ပုံငွေသည် နိုင်ငံတော်၏ဘက်ဂျက်မှ မဟုတ်ပါကြောင်း၊ ယခင်ကတည်းက တပ်များတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါကြောင်း၊ အဓိကလုပ်ဆောင်ရာတွင် တပ်မိသားစုများ၊ တပ်ပတ်ဝန်းကျင်တွင်ရှိသည့် ပြည်သူ/ပြည်သားများ၊ နိုင်ငံသူ/နိုင်ငံသားများ စားဝတ်နေရေး ချောင်လည်စေရေး၊ လတ်လတ်ဆတ်ဆတ်စားရန်၊ မှန်မှန်ကန်ကန်စားရန် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပိုလျှံသည်များကို ပြင်ပတွင်ဝန်ထမ်းများကို ရောင်းချပေးခြင်းဖြစ်ကြောင်း၊ အဆိုပါအလုပ်များနှင့် တည်ဆောက်ထားသည့် ရန်ပုံငွေများနှင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုအတိုင်းသာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လစာတိုးပေးရန် မရှိပါကြောင်း၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းများနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် သီးခြားဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးရန် မရှိပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ထို့အပြင် တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်ကိုလည်း လုပ်ဆောင်ပြီးဖြစ်ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များက ဘုန်းတော်ကြီးပညာသင်ကျောင်းများကို ဦးစားပေးလုပ်ဆောင်ပေးရန်ပြောနေကြသည်မှာ မှန်ပါကြောင်း၊ မိမိတို့၏ အခြေခံပညာရေးစနစ်သည် ဘုန်းတော်ကြီး ပညာသင်ကျောင်းများဖြစ်ပါကြောင်း၊ အဆင့်ဆင့်တင်ပြမှုကြောင့် အတိုင်းအတာတစ်ခုထိ သာသနာရေး




မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှုနှင့် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်များ တွေ့ရစဉ်။

နှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ရရှိပြီးဖြစ်ပါကြောင်း၊ ကျောင်းဖွင့်သည့်အချိန်တွင် တွေ့ရမည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က လက်ရှိစီးပွားရေး ပြန်လည်ထူထောင်ရန်အတွက် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး နိမ့်ကျဆဲအခြေအနေတွင်ရှိသေးကြောင်း၊ ကိုဗစ်ဖြစ်လာသောကြောင့် အမေရိကန်၊ ရုရှားလို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် Mask တပ်သည့် အနေအထားမရှိသလောက်နည်းပါးပြီး ကိုဗစ်နှင့်အတူနေထိုင်သူများဆိုသည့် ပုံစံမျိုးဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ဆက်ပြီးလုပ်သည့်အတွက် ၎င်းတို့တွင်စီးပွားရေးယိုင်လဲမှုအခြေအနေမျိုး မဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရပါကြောင်း၊ အဓိက ၎င်းတို့နိုင်ငံများသည် ချမ်းသာသည့်နိုင်ငံများဖြစ်သောကြောင့် ကိုဗစ်ဖြစ်လာသည့် ပြည်သူများအပေါ်ကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝအကုန်လုံး အစိုးရကပေးနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း အစိုးရကနေပြီး အားလုံးကိုပေးနေပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ပေးနေခြင်းရှိကြောင်း၊ ကွာခြားချက်အနေဖြင့် ဆေးရုံနှင့် ကိုဗစ်စင်တာများသည် မမျှတ၊ မလုံလောက်ဖြစ်နေပါကြောင်း၊ အကယ်၍ လုံလောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ယခုထက်ကောင်းအောင် ဆက်လက်ပေးလာနိုင်ပြီး လုံလုံလောက်လောက်လည်း ထားပေးနိုင်မည်ဆိုလျှင် လုပ်ငန်းများက ပုံမှန်လည်ပတ်မှု၊ စီးပွားရေးလုပ်ငန်းအကုန်လုံး ပြန်ပြီးလုပ်ဆောင်၍ရမည့် အနေအထားကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်ရောဂါ၊ ပြင်းထန်ရောဂါ၊ အထွေထွေရောဂါဖြစ်သည်များကို သီးခြားစီခွဲပြီး ဆေးရုံများ၊ ကုသသည့်စင်တာများ ယခုနှစ်ထဲတွင် တိုးမြှင့်လုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ကိုဗစ်နှင့်ပတ်သက်ပြီး ရုရှား၊ အမေရိကန်တို့လို ဖွံ့ဖြိုးပြီးနိုင်ငံများကို အတုယူ၍မရပါကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစနစ်နှင့် မိမိတို့၏ ကျန်းမာရေးစနစ် မတူပါကြောင်း၊ ထို့အပြင် ၎င်းတို့၏ ကျန်းမာကြံ့ခိုင်မှု အနေအထားနှင့် မိမိတို့၏ ကျန်းမာကြံ့ခိုင်မှုအနေအထား မတူပါကြောင်း၊ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၈ နှစ်ခန့်သာရှိကြောင်း၊ ၎င်းတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းက ၇၀/၈၀ နှစ်ရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်မှုလည်း ကွာပါကြောင်း၊ လူကောင်ချင်းလည်းကွာပါကြောင်း၊ မြန်မာနိုင်ငံက ကိုဗစ်ဖြစ်သည့်သူနှင့် တခြားနိုင်ငံက ကိုဗစ်ဖြစ်သည့်သူများကလည်း မတူပါကြောင်း၊ ကိုဗစ်နှင့်အတူ ယှဉ်တွဲနေထိုင်ခြင်းသည် မဖြစ်မနေလုပ်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်စင်တာများနှင့်ပတ်သက်ပြီး ပုဂ္ဂလိကများ၊ ပြည်သူလူထုအကျိုးဆောင်လုပ်ငန်းများကို ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တွင်လည်း ကိုဗစ်စင်တာများဖွင့်ခဲ့သည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ လက်တွေ့လုပ်ဆောင်နေသောလုပ်ငန်းသည် အနည်းဆုံး မြို့နယ်/ခရိုင်အဆင့်တွင် လမ်းပန်းဆက်သွယ်မှုခက်ခဲလျှင် မြို့နယ်အဆင့်၊ ခရိုင်အဆင့်အားလုံးတွင် အရေးပေါ်အခြေအနေဖြစ်လာလျှင် ရသင့်ရထိုက်သည်ကို ရရှိနိုင်ရန်အတွက် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်များ တပ်ဆင်လျက်ရှိကြောင်း၊ မဖြစ်မနေရှိရမည်ဟု တပ်ဆင်လျက်ရှိပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်ပြီး ထားရမည့် အထူးကြပ်မတ်ကုသရမည့်နေရာများကို ခရိုင်အဆင့်/မြို့နယ်အဆင့်များ နေရာတိုင်းတွင် ထားလျက်ရှိပါကြောင်း၊ သီးခြားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ခရိုင်သည် ခရိုင်အဆင့်နှင့်တူအောင်၊ မြို့နယ်သည် မြို့နယ်အဆင့်နှင့်တူအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို မြို့ကြီးပြကြီးတွင်မက ကျေးလက်များအထိ အရောက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးစည်သူနိုင်**က Frontier မဂ္ဂဇင်းတွင် လုပ်ခဲ့သည့် အမေရိကန်သတင်းထောက် ဒန်နီဖာစတာ၏ အခြေအနေကိုမေးလိုကြောင်း၊ ဖြေလို့ရသလောက်ဖြေပေးစေလိုကြောင်း၊ အဆိုပါသတင်းထောက်၏ လက်ရှိကျန်းမာရေးအခြေအနေအပါအဝင် ၎င်းကိုစွဲဆိုထားသည့်အမှုများအကြောင်းကို ရှင်းရှင်းလင်းလင်းသိလိုပါကြောင်း၊ ၎င်းကို ဖမ်းဆီးစစ်ဆေးထားသည်မှာ လနှင့်ချီနေပြီဖြစ်ကြောင်း၊ အထူးသဖြင့် သတင်းထောက်တစ်ယောက်အနေဖြင့် သတင်းအချက်အလက်နှင့်ဆိုင်သည့် သတင်းသမားတစ်ယောက်၏ လုပ်ပိုင်ခွင့်ထက် ဘောင်ကျော်၍ တစ်စုံတစ်ရာကျူးလွန်ခဲ့ခြင်းမျိုး စစ်ဆေးတွေ့ရှိခြင်းရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းများ ရှိခဲ့**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်များနှင့်ပတ်သက်ပြီး သတင်းထောက်များသည် သတင်းထောက်အလုပ်သာ မျှမျှတတလုပ်ဆောင်မည်ဆိုပါက ဖမ်းဆီးစစ်ဆေးရန်အကြောင်းမရှိကြောင်း၊ ၎င်းသတင်းထောက်အနေဖြင့် သတင်းထောက်လုပ်ငန်းများထက် ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းများ ရှိခဲ့ခြင်းကြောင့် ဖမ်းဆီးစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ကျန်းမာရေးအခြေအနေကောင်းမွန်ပါကြောင်း၊ ကိုဗစ်-၁၉ကာကွယ်ဆေး ထိုးခြင်း/မထိုးခြင်းနှင့်ပတ်သက်ပြီး အကျဉ်းထောင်တွင်ရှိနေသည့် အကျဉ်းသားများ၊ အချုပ်သားများအားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း၊ ထိုးခြင်း/မထိုးခြင်းသည် ၎င်း၏ဆန္ဒသာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးစည်သူနိုင်**က ၎င်းသတင်းထောက်ကို အမှုစွဲထားခြင်းမျိုးရှိပြီးဖြစ်ပါသလား၊ အမှုစွဲထားပါက မည်သို့စွဲဆိုထားသည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါအမေရိကန်သတင်းထောက်ကို အမှုစွဲထားပြီးဖြစ်ကြောင်း၊ ထိန်းသိမ်းထားရမည့်အခြေအနေဖြစ်သဖြင့် ၎င်းကို ထိန်းသိမ်းထားရခြင်းဖြစ်ကြောင်း၊ ကျန်သည့်ကိစ္စများကို ဖြေနိုင်သည့်အချိန်တွင် ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အလုပ်လက်မဲ့ ဘဝ**

**တဲ့ပြောအွန်လိုင်းသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်(ခ) ဦးဇော်မင်းဦး**က ယခင် NLD အစိုးရလက်ထက်က အဂတိလိုက်စားမှုများကို လိုက်လံဖော်ထုတ်သဖြင့် ပုဒ်မ-၅၀၅(ခ)ဖြင့် ဖမ်းဆီးထောင်ချခံခဲ့ရပြီး မကြာသေးမီက လွတ်လာခဲ့သဖြင့် သတင်းစာရှင်းလင်းပွဲကို ယခုပထမဆုံးအကြိမ်အဖြစ် တက်ခွင့်ရခြင်းဖြစ်ကြောင်း၊ ယခုငွေကြေးဖောင်းပွနေသည့်ကိစ္စများ၊ မြန်မာငွေကြေးတန်ဖိုး ကျဆင်းနေသည့်ကိစ္စများ၊ နိုင်ငံခြားငွေများ အဆမတန် တန်ဖိုးမြင့်တက်လာသဖြင့် မြန်မာနိုင်ငံတွင်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အခြေခံလူတန်းစားများအနေဖြင့် အခက်အခဲဖြစ်နေသည်ကိုသိရပါကြောင်း၊ ၎င်းတို့အထဲတွင် အဆိုးဆုံးရင်ဆိုင်နေရသည်မှာ ဘဏ်များ၏ ငွေကြေးစီးဆင်းမှုများကြောင့် အများဆုံးခံစားနေရသည်ကို တွေ့ရပါကြောင်း၊ အဓိကဖြစ်ပေါ်နေသည့် အခက်အခဲမှာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဖြစ်သူက ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ပြောခဲ့သည့်စကားအရ နိုင်ငံတော်၏ စီမံကိန်းဆောင်ရွက်နေသည့်ကုမ္ပဏီများကို တစ်ပတ်လျှင် ငွေကျပ်သိန်း ၂၀၀ ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် လူတစ်ဦးချင်းစီကို သိန်း ၂၀ ထုတ်ပေးမည်ဟုပြောပါကြောင်း၊ သို့သော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ပေးထားသည့် ကတိကဝတ်နှင့် အောက်ခြေတွင် ဖြစ်ပျက်နေသည့်အခြေအနေမှာ ကွဲလွဲနေပါကြောင်း၊ အမှန်တကယ် ကရင်ပြည်နယ်၌ တစ်ပတ်လျှင် ငွေကျပ်သိန်း ၅၀ သာရရှိပါကြောင်း၊ သို့သော် ယခုလတွင် သိန်း ၁၀၀ ထုတ်ပေးပါကြောင်း၊ မော်လမြိုင်ဘဏ်တွင် သိန်း ၃၀ ထုတ်ပေးကြောင်း၊ နေပြည်တော်ဘဏ်နှင့် ရခိုင်ပြည်နယ်ဘဏ်များတွင် ၁၀ သိန်းသာထုတ်ပေးပါကြောင်း၊ သို့ဖြစ်၍ အစိုးရဘဏ်မှ အစိုးရ၏လုပ်ငန်းများကို ဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် ရသင့်ရထိုက်သည့်ပိုက်ဆံကို အချိန်မီမရရှိသည့်အတွက် ယခုဒေါ်လာဈေးမြင့်တက်လာသည့်အခါတွင် ၎င်းတို့အတွက် အများအပြားနစ်နာပါကြောင်း၊ ကုမ္ပဏီအချို့မှာ ရပ်ဆိုင်းမည့်အခြေအနေဖြစ်နေပါကြောင်း၊ ထိုကုမ္ပဏီများ ရပ်ဆိုင်းမည်ဆိုပါက ယင်းကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာတတ်လူငယ်များ၊ အခြေခံလူတန်းစားများအနေဖြင့် အလုပ်လက်မဲ့ဘဝကို ရောက်တော့မည်ဖြစ်ကြောင်း။

တစ်ဆက်စပ်တည်း ယခုဖြစ်ပျက်နေသည့် စီးပွားရေးကပ်ဆိုက်နေခြင်းနှင့် ဒလန်ဆိုပြီးစွပ်စွဲ၍ သတ်ဖြတ်နေကြသည့်ကိစ္စများ၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပေါ်နေခြင်းတို့ကြောင့် အလုပ်လက်မဲ့များ များပြားလာပါကြောင်း၊ ၎င်းတို့တွင် သုံးစွဲစရာငွေကြေးလည်း မရှိကြကြောင်း၊ သို့ဖြစ်၍ သုံးလခန့်ရေခွန်၊ မီးခွန်များကို ကင်းလွတ်ခွင့်ပေးပြီး အခြားမလိုအပ်သည့် စီမံကိန်းအချို့ကို လျှော့ချလိုက်မည်ဆိုပါက နိုင်ငံသူနိုင်ငံသားများ၏ရင်ထဲတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဆိုတာ အမြဲရှိနေလိမ့်မည်ဟု မိမိအနေဖြင့် ထင်မြင်မိပါကြောင်း၊ ထိုသို့လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုကြောင်း၊ ယခုမဖြေနိုင်သေးပါကလည်း ဖြေနိုင်သည့်အချိန်တွင် သတင်းစာကတစ်ဆင့် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

စာမျက်နှာ ၁၈ သို့ ✮

☆ စာမျက်နှာ ၁၇ မှ

**ဗိုလ်ချုပ်ဗေါ်မင်းထွန်း**က ဗဟိုဘဏ်အနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် တစ်ပတ်လျှင် အများဆုံး ငွေကျပ်သိန်း ၂၀၊ ကုမ္ပဏီ အဖွဲ့အစည်းများကို တစ်ပတ်လျှင် အများဆုံးငွေကျပ်သိန်း ၂၀၀ ထုတ်ပေးရန် မတ်လ ၁ ရက်နေ့က ညွှန်ကြားထားခဲ့ကြောင်း၊ အဆိုပါညွှန်ကြားချက်အထဲတွင် လုပ်ခလစာကိစ္စ၊ ပင်စင်ကိစ္စ၊ လူမှုရေးအကျိုးခံစားခွင့်များကို ကန့်သတ်ထားခြင်းမရှိကြောင်း၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်အတွက်လည်း ဗဟိုကော်မတီမှတစ်ဆင့် တင်ပြလာသည့် စက်ရုံ၊ အလုပ်ရုံများ၏ဝန်ထမ်းလစာနှင့် ကုန်ကြမ်းပစ္စည်းဝယ်ယူရေး ဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း Digital Payment နှင့် ပိုမိုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကထုတ်သည့် အတိုင်းအတာပမာဏများ၊ ကုမ္ပဏီများမှ ကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်နှင့် စက်ရုံ၊ အလုပ်ရုံဝန်ထမ်းလစာများ၊ ကုန်ကြမ်းပစ္စည်းများနှင့်ပတ်သက်၍ ငွေထုတ်ယူရာတွင် အဆင်ပြေစေရန် ဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင်မပြေမှုများရှိပါက ဗဟိုဘဏ်နှင့် တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်သည်ဟု ပြောလိုပါကြောင်း၊ မီတာခကိစ္စကိုတော့ မိမိအနေဖြင့် ယခုအချိန်တွင် ပြော၍မရသေးပါကြောင်း၊ အဆိုပါကိစ္စကို မိမိအနေဖြင့် အထက်လူကြီးအား ပြန်၍သတင်းပို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က မိမိမေးလိုသည့်မေးခွန်းသည် မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် ကမ္ဘာ့နိုင်ငံသားများကပါ စောင့်ကြည့်နေသည့် ကုလသမဂ္ဂ မြန်မာနိုင်ငံထိုင်ခုံနေရာတွင် လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အသိအမှတ်ပြုရေး/ မပြုရေး၊ နိုင်ငံတကာအဖွဲ့အစည်းတွေကပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အိမ်စောင့်အစိုးရကို အသိအမှတ်ပြုရေး/ မပြုရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာနှင့် ပြည်တွင်းတွင် စိတ်ဝင်စားမှုအပေါ် လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အိမ်စောင့်အစိုးရအနေဖြင့် အသိပေးလိုသည်များ၊ ပြောကြားလိုခြင်းများရှိပါက သိလိုပါကြောင်း မေးမြန်းသည်။

**တရားဝင်အစိုးရဖြစ်**

**ဗိုလ်ချုပ်ဗေါ်မင်းထွန်း**က ပထမဦးဆုံး နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့်ပတ်သက်ပြီး ပြောလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံသည် ကုလသမဂ္ဂကို “United Nation”၊ အာဆီယံကို “Association of South East Asian Nations” ဟု ခေါ်ခြင်းဖြစ်ကြောင်း၊ သတိထားရမည်မှာ Nation များဖြစ်ကြောင်း၊ United Government များ မဟုတ်ကြောင်း၊ Association မှာလည်း Government Association မဟုတ်ပါကြောင်း၊ Nation များဖြစ်ပါကြောင်း၊ UN နှင့် ASEAN သည် နိုင်ငံများ၏အစုအဖွဲ့များဖြစ်ကြောင်း၊ အစိုးရများအစုအဖွဲ့ မဟုတ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်၊ အာဆီယံအဖွဲ့ဝင်များသည် နိုင်ငံများသာဖြစ်ကြောင်း၊ အဖွဲ့ဝင်များသည် အစိုးရမဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးကို မြတ်နိုးသည့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်စာတမ်းပါ ဝတ္တရားများအတိုင်း လက်ခံပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်၍ နိုင်ငံတော်နှင့်တွဲလျက်ရှိပြီး အစိုးရဆိုသည်မှာ နိုင်ငံတော်၏ကိုယ်စား ကုလသမဂ္ဂပဋိညာဉ်စာချုပ်စာတမ်းပါ ဝတ္တရားများကို ဆောင်ရွက်နိုင်ရန် ကိုယ်စားပြု ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အစိုးရ ဘယ်လိုပြောင်းပြောင်း အချုပ်အခြာအာဏာကို ပိုင်စိုးသည့်နိုင်ငံတော်က တည်ရှိမြဲ တည်ရှိနေမည်ဖြစ်ကြောင်း၊ အစိုးရမည်သို့ပြောင်းပြောင်း မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း၊ လက်ရှိမြန်မာနိုင်ငံအစိုးရသည် ရွေးကောက်ပွဲ မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ရယူထားခြင်းကြောင့် ဥပဒေကြောင်းဆိုင်ရာအရ တရားဝင်မှုရှိသည့် တရားဝင်အစိုးရဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ကိုယ်စားပြုပြီး ကုလသမဂ္ဂနှင့် အာဆီယံကို ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ၎င်းသည် မိမိတို့အစိုးရ၏သဘောထားဖြစ်ပါကြောင်း၊ အာဆီယံသဘောတူညီချက် ငါးချက်နှင့်ပတ်သက်ပြီး ပြောလိုပါကြောင်း၊ အာဆီယံသဘောတူညီချက်ငါးချက်၏ပထမအချက်အနေဖြင့် ပြင်းထန်သည့်လုပ်ဆောင်မှု၊ အကြမ်းဖက်သူများကို ချက်ချင်းရပ်တန့်ပြီး အခြေအနေများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန်၊ ဆူပူဆန္ဒပြမှုများဖြစ်ခဲ့လျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အနည်းဆုံးအင်အားဖြင့် အခြေအနေများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုထိ အဆိုပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံသဘောတူညီချက် ငါးရပ်ထွက်လာပြီး ဧပြီလနောက်ပိုင်းတွင် ဆန္ဒပြမှုများ၊ ဆူပူမှုများ လျော့ကျသွားခြင်းကြောင့် ထိန်းသိမ်းမှုနှင့် အင်အားလျှော့ချမှုများ ရှိပါကြောင်း၊ သို့သော် လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ ဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုများကို ရပ်ရွာတိုင်းတွင် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် NUG အကြမ်းဖက်အဖွဲ့က ဦးဆောင်ပြီး လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခုလ ၇ ရက်နေ့နောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် အကြမ်းဖက်အဖွဲ့များက လှုံ့ဆော်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိပါကြောင်း၊ အာဆီယံ၏ လူသားချင်းစာနာမှုအကူအညီပေးရေး အချို့ကိစ္စ အကူအညီများ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အကူအညီများကို သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံကို သွားရောက်ခွင့်ပေးရန်နှင့်ပတ်သက်ပြီး အထူးကိုယ်စားလှယ် လာရောက်လိုမှုကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထားပြီးဖြစ်ပါကြောင်း၊ ခရီးစဉ်အသေးစိတ်ကို နှစ်ဖက်ညှိနှိုင်းလျက်ရှိကြောင်း၊ အနှစ်ချုပ်ပြောရလျှင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ သဘောတူညီချက်ငါးချက်ကို မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မထိခိုက်စေဘဲ ပြည်တွင်းတည်ဆဲဥပဒေနှင့်အညီ တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။ ။

## ကိုဗစ်– ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃–၁၀–၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti–inflammatory | | | | |
| 1 | Injection– Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်အတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် အခြားဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်နှင့် မြဝတီ ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ ယာဉ်စီးရေ သုံးစီး၊ အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် ၁၉ ဒသမ ၉၇ တန်နှင့် နှာခေါင်းစည်း ခုနစ်တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့် ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) ၌ ကုမ္ပဏီသုံးခုမှ နှာခေါင်းစည်း ၂၃၈၀၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၃၆၂ ကုဗမီတာ၊ Vitamin C Tablets ၂၁၃၅ ကီလိုဂရမ်၊ Fish Liver Oil Capsule ၂၄၃၉၀ ကီလိုဂရမ် တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁-၁၀-၂၀၂၁ ရက်နေ့မှအဆက်

မလုံးတင်သည် ဦးကောင်းမိုးအကြောင်းကို သိသူဖြစ်သည်။ ဦးကောင်းမိုးကို အခြားသူများ နည်းသူ ကြောက်ရွံ့ရှုံ့ရှာဖွယ် လူတစ်ယောက်ဟု ထင်ထားသူဖြစ်သည်။

ဘုရားပွဲတော်သို့ မောင်မောင်ဦးရောက်လာသည်။ သူသည် လူအများအကြားတွင် ရောနှော ပါဝင်နေပေလိမ့်မည် စသည်ဖြင့် ခင်ခင်ကြီးတွေးမိသည်။ သည်တော့လည်း ထိုသို့ ထပ်မံမြင်တွေ့လိုသည်လား၊ မမြင်မတွေ့ဘဲ နေလိုသည်လား ခင်ခင်ကြီးမတွေးတတ်။ မစဉ်းစားတတ်။

မောင်မောင်ဦးနှင့် ဆုံရလျှင် ရင်ခုန်ရပေဦးတော့မည်ဟူ၍ကား စိတ်မှာ ထင်နေမိသည်အမှန်ပင်။

"ညီမရေ၊ လစ်ကြစို့"

ကိုကို၏အသံကို ကြားရသည်။

ကိုကိုသည် ယခုမှပင် ဖေဖေတို့ဝိုင်းမှ ထလာနိုင်ခဲ့ ပုံပေါ်သည်။

မေမေ့ထံ အခွင့်တောင်းရသည်။

"သိပ်တော့ ညဥ့်မနက်စေနဲ့နော်။ ဇရပ်ကို စောစော ပြန်လာကြ။ မနက်အရုဏ်ဆွမ်းကပ်ဖို့ရှိသေးတယ်"

မေမေက သတိပေးသည်။

ခင်ခင်ကြီးတို့က မေမေ့စကားကို အဆုံးအထိ စောင့်၍ နားထောင်မနေကြတော့ မောင်နှမ နှစ်ယောက် ဇရပ်မှ ကသောကမျော ဆင်းပြေးလာကြသည်။

စင်စစ် ကိုကိုသည် မိမိထက်ပင် စိတ်စောလျက်ရှိကြောင်း တွေ့ရသည်။ မိမိထက်ပင် ရေးကြီးသုတ်ပျာဖြစ်နေသည်။ ပွဲဈေးတန်းသို့ အလျင်စလိုနိုင်စွာ လာခဲ့သည်။

"အရုပ်ဆိုင်တန်းကို အရင်သွားကြရအောင် ကိုကို"

ခင်ခင်ကြီးက ဆိုသည်။

"ပြီးမှ သွားကြတာပေါ့ ညီမ၊ အမယ်ကြီးအို အောင်စိန်ပွဲဘက် အရင်သွားရအောင်"

"ဘာလဲ ကိုကို ပွဲကြည့်မလို့လား"

ခင်ခင်ကြီး၏ အမေးကို ကိုကိုက ရယ်ရင်းဖြေသည်။

"ထပ်တေရီ၊ ဒီလိုအချိန်မျိုးမှာ ရှူးတဲ့သူတွေသာ ပွဲကြည့်တာ "

"ဒါဖြင့်"

"အဲဒီမှာ လူတစ်ယောက်နဲ့ ချိန်းထားလို့"

သည်တော့လည်း ခင်ခင်ကြီးသည် ကိုကို့မျက်နှာကို စူးစိုက်ကြည့်လိုက်မိသည်။

"ဘာလဲ ကိုကို၊ ကိုကို့အဆက်နဲ့ ချိန်းထားတယ် ပေါ့လေ"

"ထပ်တေရီ၊ ညီမက ဟုတ်တာတွေ ပြောနေပြန်ပြီ"

သို့နှင့်ပင် ခင်ခင်ကြီးတို့ မောင်နှမသည် လူအများကို တွန်းကာဖယ်ကာ တိုးကာဝှေ့ကာနှင့် ပွဲဈေးတန်းအတိုင်း လျှောက်လာကြသည်။ ကျပ်ညပ်နေသော လူရေစီးကြောင်းကို ဆန်တက်ခဲ့ကြသည်။

အမယ်ကြီးအို အောင်စိန်သည် မြို့ခံဇာတ်အဖွဲ့ ဖြစ်သည်။ အမယ်ကြီးအို အကကောင်း၍ နာမည်ကြီးသည်။ သူ၏ရုံမှာ လူအများသားပင်။

လူအကြားမှာ ကိုကို မွှေနှောက်ရှာသည်။ ခင်ခင်ကြီးပါ ဝိုင်း၍ ရှာပေးရသည်။ မကြာမီ မဝင်းရီကို လူအကြားမှာ ရှာတွေ့ရသည်။

"ကိုညွှန့်"

ကိုကို့ကို မြင်ရလျှင် မဝင်းရီ ဝမ်းပန်းတသာဖြစ်သွားသည်။

"အဝင်း စောင့်နေရတာ ကြာပြီလား"

"အင်း၊ လာမှ လာပါတော့မလားလို့"

"လာမယ်ဆိုရင် လာမှာပေါ့ အဝင်းရ။ ကဲ၊ ဘယ်သွားကြမလဲဟင်"

"အရုပ်ဆိုင်ကို အရင်သွားရအောင်"

ခင်ခင်ကြီးက ကြားဝင်၍ ပြောလိုက်သည်။

ရင်ထဲမှာတော့ ကိုကို့အပေါ် မကျေနပ်ချင်။

မဝင်းရီနှင့် တွေ့ရပြီဆိုလျှင် ကိုကိုသည် ဣန္ဒြေမရ။ မဝင်းရီကိုသာ ဂရုစိုက်သည်၊ အရေးပေးသည် ခင်ခင်ကြီး ထင်သည်။

ကိုကိုက ဘယ့်နှယ်လဲဟူသောအဓိပ္ပာယ်ဖြင့် မဝင်းရီကို ကြည့်သည်။

မဝင်းရီက ခေါင်းညိတ်ပြလိုက်ပါသည်။

သို့ဖြင့် အရုပ်ဆိုင်ဘက်သို့ လာခဲ့ကြသည်။

အရုပ်ဆိုင်သို့ရောက်တော့လည်း ပျော်စရာပင်။ အရုပ်ကလေးများကို ရွေးချယ်ရနှင့်။

ပင်းဘုရားပွဲတော် ရောက်ပြီဆိုလျှင် ဓလေ့နှစ်ရပ်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ဓလေ့တစ်ခုမှာ အရုပ်များ ဝယ်ရခြင်း။ အခြားတစ်ခုမှာ "ကရေကရာ" မုန့်ဝယ်ရခြင်း ဖြစ်သည်။ သည်နှစ်ခုမပါလျှင် ပင်းဘုရားပွဲတော်သို့ ရောက်ခဲ့သည် မဆိုသာချေ။ ခင်ခင်ကြီးသည် ယမင်းအရုပ်ကလေးတစ်ရုပ် ဝယ်သည်။

"တစ်ခုခု သွားစားကြရအောင်"

ကိုကိုက အရုပ်ဆိုင်မှ အထွက်တွင် ပြောသည်။

အကြော်ဆိုင်များဘက်သို့ လာခဲ့သည်။

ကိုကိုနှင့် မဝင်းရီတို့တွင် ပြောစရာစကားတွေ များစွာ ရှိနေသည်ဟု ထင်ရသည်။ အရုပ်ဆိုင်မှာ ရှိစဉ်ကရော အကြော်ဆိုင်မှာ ရှိနေစဉ်မှာပါ သူတို့ စကားအမျှင်မပြတ်ကြ။ ပြောကြ၊ ဆိုကြ၊ ရယ်ကြ၊ မောကြနှင့်။ သူတို့နှင့် လိုက်ပါရသည်မှာ ခင်ခင်ကြီး အဖို့ လူပိုသက်သက်လိုသာ ဖြစ်နေသည်။

ကိုကိုရော မဝင်းရီပါ လောကတစ်ခုလုံးကို မေ့နေသည့်နှယ်ရှိသည်။ သူနှင့်အတူ ခင်ခင်ကြီး ရှိနေသည်ကို အမှတ်မှ ရပါလေစ ထင်ရသည်။ စင်စစ် ခင်ခင်ကြီးရှိနေသည့်အတွက် အနှောင့်အယှက်ဖြစ်နေရသည်လား မပြောတတ်ချေ။

အကြော်စားပြီးချိန်တွင် ကိုကိုက အတိအလင်း ထုတ်ဖော်ပြောဆိုလာသည်။

"ညီမ ကိုကို့ကို တစ်ခုကူညီပါလားဟင်"

"ဘာကူညီရမှာလဲ ကိုကို"

ကိုကို့အမေးကို မစဉ်းစားတတ်၍ ခင်ခင်ကြီး ပြန်မေးသည်။

"ညီမ ဇာတ်ရုံတစ်ရုံထဲကနေ ခဏစောင့်ပါလား။ ကိုကိုနဲ့ အဝင်းနဲ့ တစ်နေရာ သွားချင်လို့"

"ဒါဖြင့် ခင်ကြီး ဇရပ်က ပြန်စောင့်နေမယ်လေ ကိုကို"

"ဟာ ဘယ်ဖြစ်မလဲ ညီမရဲ့။ ဇရပ်ကို ညီမအရင်ပြန်ရောက်သွားရင် မေမေတို့က ကိုကို့အတွက် စိတ်ပူကြမှာပေါ့။ ရှာဟယ်ဖွေဟယ်ဖြစ်ကုန်မှာပေါ့"

"ကိုကို မမဝင်းရီနဲ့ တစ်နေရာသွားတယ်လို့ ပြောလိုက်မယ်လေ"

"အမယ်လေး၊ ဒါဆိုရင် မိုးမီးလောင်သွားမှာပေါ့။ မလုပ်လိုက်ပါနဲ့။ သည်းခံပါ ကျောင်းအမ"

"ခင်ကြီး တစ်ယောက်တည်း နေခဲ့ရမှာဆိုတော့"

"ခဏလေးပါ။ ကိုကိုတို့ ချက်ချင်းပြန်လာမှာပါ။ ဟောဒီမှာ ရုပ်သေးပွဲရှိတယ်။ ရုပ်သေးပွဲက ခဏစောင့်နော်။ ရုပ်သေးဆိုတော့ လူရှင်းတယ်။ အလွယ်တကူ ရှာလို့ရတယ်"

ခင်ခင်ကြီးသည် အထီးတည်း နေရစ်လိုခြင်း မရှိသည် အမှန်ပင်။ ကိုကိုတို့နှင့်အတူတကွ လိုက်ပါလိုသည်ပင်။ သို့ပေမဲ့ ကိုကိုတို့ သမီးရည်းစားသဘာဝ လွတ်လွတ်လပ်လပ် နေချင်ပုံရသည်။

ခင်ခင်ကြီးသည် သက်ပြင်းရှိုက်ရင်းမှ ပြောမိသည်။

"ကောင်းပြီလေ၊ သိပ်အကြာကြီးတော့ မနေရဘူးနော် ကိုကို"

"စိတ်ချပါ၊ ချက်ချင်းပြန်လာမှာပါ"

ကိုကိုသည် ခင်ခင်ကြီးအား ရုပ်သေးပွဲခင်းသို့ လိုက်ပို့သည်။ ပွဲခင်းမှာ လူအနည်းအပါးသာရှိသည်။ ကြည့်သူကျဲသည်။

"တခြား ဘယ်မှလျှောက်မသွားနဲ့နော် ညီမ"

"အင်းပါ။ ကိုကိုတို့သာ သိပ်အဝေးကြီး မသွားဖို့ လိုတာပါ"

ကိုကိုသည် ခင်ခင်ကြီးအား မိန်းကလေး တစ်သိုက်အနားတွင် နေရာချပေးထားခဲ့သည်။ မကြာမီမှာပင် သူသည် မဝင်းရီ၏လက်ကိုဆွဲလျက် လူအုပ်အတွင်း ရောနှော ပျောက်ကွယ်သွားသည်။

ရုပ်သေးပွဲမှာ နှစ်ပါးသွား ထွက်နေပါပကော။

"မန်ကျည်းငုတ်တို၊ ရွက်နုပေါက်မှ။ ချဉ်ရည်သောက်စို့ ခင်လေးရယ်။ အောက်ပြည်ကငါးထွေ သား ဆားနယ်ခဲ့မယ်။ ဖိုခုံလောက်ရယ်တဲ့ သုံးလုံး တည်။ ဖျဉ်းပက်ပက်နဲ့ ထည့်ပါကွယ်၊ ခင်လေး ပြင်ကာချက်ရင် ဟင်းမြက်လှတယ်"

ရုပ်သေးမှာ နာမည်ကြီးရုပ်သေးအဖွဲ့ပင်ဖြစ်သည်။ စပယ်လှိုင်ရုပ်သေးအဖွဲ့ဖြစ်သည်။ သူ့အထာနှင့်သူ ကောင်းသည်ဟုတော့ ဆိုနိုင်သည်။

သို့ပေမဲ့ ခင်ခင်ကြီးသည် ရုပ်သေးကို စိတ်ဝင်စားအောင် ကြည့်၍မရ။ အာရုံစိုက်၍မရ။ ကြည့်နေမကျ၍ ကြိုးများရှုပ်ထွေးနေကာ သစ်သားချင်း ရိုက်ခတ်မိပြီး တဒေါက်ဒေါက်၊ တဂေါက်ဂေါက် မြည်နေမှုများကို စိတ်ပျက်လာသည်။

သည်အတွင်း ခင်ခင်ကြီးတွင် စိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခု တွေ့လာရသေးသည်။ ခေတ္တမျှအကြာတွင် သူ၏ အနီးအပါးမှ မိန်းကလေးတစ်သိုက် ထပြန်သွားကြခြင်း ဖြစ်သည်။ အများအားဖြင့် ရုပ်သေးပွဲတွင် လူကြီး သူမနှင့် ကလေးငယ်များသာရှိရာ ခင်ခင်ကြီးတစ်ယောက်သာလျှင် ငယ်ငယ်ရွယ်ရွယ် မိန်းကလေးအဖြစ် ကျန်ခဲ့သည်။

သည်အတွင်းမှာပင် မည်သည့်နေရာမှ မျက်စိလည် လမ်းမှား၍ ရောက်လာသည် မသိရသော ကာလသားတစ်သိုက် ခင်ခင်ကြီးနှင့် မနီးမဝေးသို့ ရောက်လာသည်။

"ဟာ၊ ဟိုမှာ ရွှေမင်းသမီးကလေးပါလား"

သူတို့သည် ရုပ်သေးပွဲခင်းတွင် ခင်ခင်ကြီးအား တွေ့လိုက်ရသည့်အတွက် ဆန်းကြယ်နေကြဟန် ရှိသည်။ အံ့ဩသွားကြဟန်တူသည်။

"သူက ဒီလိုပွဲမျိုး ကြည့်သတဲ့လား"

မှတ်ချက်ချသူက ချသည်။

"အဖော်လည်းမပါဘူး။ တစ်ယောက်တည်း"

သူတို့လူသိုက်သည် ရုပ်သေးပွဲခင်းမှ ဖယ်ကြဉ်ခြင်း မပြုကြတော့ချေ။ ခင်ခင်ကြီးအနီးသို့ ဝိုင်းလာကြသည်။ ခင်ခင်ကြီး စိတ်ညစ်လာသည်။ အနေရကျဉ်းကျပ်လာသည်။

သူတို့သည် အငြိမ်နေကြသည်လည်း မဟုတ်။ ထိကပါးရိကပါးစကားဆိုကြသည်။ မထေ့တထေ့ ပြောကြသည်။ ပြောင်ကြလှောင်ကြ၊ နောက်ကြ၊ စကြနှင့်။

အချို့ကဆိုလျှင် စီးကရက်မီးခိုးများကို ခင်ခင်ကြီးထံ မှုတ်လွှတ်ကြသည်။ ခင်ခင်ကြီး၏ ကျောအနီးတွင် ကပ်လျက်၊ လည်ကုပ်သားမှဆံစကို တဖွားဖွား လွင့်စေသည်အထိ မှုတ်ကြသူများလည်း ရှိသည်။

ပြီးလျှင် ရုပ်သေးစင်နှင့်လည်း အပြိုင်အဆိုင် ဆူကြ နောက်ကြသည်။

ရုပ်သေးစင်မှ ငိုချင်းကလည်း ပြောင်မြောက်သော ငိုချင်းတစ်ပုဒ်ဖြစ်နေသည်။ ကြမ်းတမ်းထိမိလှသည်။ သစ္စာအနှံခံရ၍ တစ်ကိုယ်လုံးကြွေ မတတ်ခံစားရပုံကို ဖွဲ့နွဲ့ထားသည်။

ပြောဆို ငိုပေးရသူမှာ ယောက်ျားမင်းသမီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကြမ်းတမ်းခြင်း ဖြစ်ပုံရသည်။ **ဆက်လက်ဖော်ပြပါမည်။**

ပင်းဘုရားပွဲတော်ရောက်ပြီဆိုလျှင် ဓလေ့နှစ်ရပ်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ဓလေ့တစ်ခုမှာ အရုပ်များဝယ်ရခြင်း။

အခြားတစ်ခုမှာ ကရေကရာမုန့်ဝယ်ရခြင်းဖြစ်သည်။

သည်နှစ်ခုမပါလျှင် ပင်းဘုရားပွဲတော်သို့ ရောက်ခဲ့သည်မဆိုသာချေ၊

ခင်ခင်ကြီးသည် ယမင်းအရုပ်ကလေးတစ်ရုပ်ဝယ်သည်။

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော် ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ဓမ္မ ပုံပြင်

# သူအို့ ကျေးဇူး

မင်းယုဝေ

ရှေးသရောအခါ သူအိုများကို ပစ်ပယ်သော တိုင်းပြည်တစ်ပြည် ရှိသည်။ တိုင်းသူပြည်သားများသည် ထူးဆန်းသော ဓလေ့ထုံးစံအရ သူအိုဘိုးဘွားများကို မကျွေးမွေးရ၊ မပြုစုရ၊ အိမ်တွင်မထားရ၊ လူသူမနီးသော တောင်ပေါ်သို့ ပို့၍ စွန့်ပစ်ထားရလေသည်။

တစ်ခါသော် ထိုတိုင်းပြည်ရှိ ဘုရင့်အမတ်တစ်ဦး၏ ဖခင်သည် အသက်အရွယ်ကြီးကာ သူအိုဘ၀သို့ရောက်ရှိလာသည်။ ထုံးစံအတိုင်း အမတ်သည် ဖခင်ကို တောင်ပေါ်သို့ပို့၍ စွန့်ပစ်ရပေတော့မည်။

အမတ်သည် ဖခင်ကို ချစ်မြတ်နိုးသော သားကောင်းသားမွန်ဖြစ်သဖြင့် ဖခင်ကိုမစွန့်ပစ်ရက်နိုင်ပေ။ ထို့ကြောင့် အိမ်ခြံတွင်း၌ မြေအောက်လိုဏ်ဂူတစ်ခု လျှို့ဝှက်စွာတူး၍ ဖခင်ကို ထိုလိုဏ်ဂူထဲ၌ ဝှက်ထားသည်။ နေ့စဉ်ပင် သူကိုယ်တိုင် ဖခင်ထံတိတ်တဆိတ်သွား၍ အစာပို့သည်။ ကောင်းစွာ ကျွေးမွေးပြုစုစောင့်ရှောက်ထားသည်။ လူအများကိုမူ သူသည် ဖခင်ကိုတောင်ပေါ်သို့ပို့၍ စွန့်ပစ်ထားပြီဟု သတင်းလွှင့်ထားလေသည်။

တစ်နေ့သ၌ နတ်သားတစ်ပါးသည် ဘုရင့်ရှေ့တော်မှောက်တွင် ထူးဆန်းစွာပေါ်လာသည်။ နတ်သားက ဘုရင်အား မေးခွန်းများမေးသည်။ ဘုရင်ဖြစ်စေ၊ တိုင်းသူပြည်သား တစ်ဦးဦးဖြစ်စေ ဖြေဆိုရမည်။ အဖြေမှန်ပါက ရန်မပြု၊ အဖြေမှားလျှင်မူ တစ်တိုင်းတစ်ပြည်လုံးကို စိစိညက်ညက်ကြေအောင် ဖျက်ဆီးပစ်မည်ဟူ၍ ဆိုသည်။

ထို့နောက် နတ်သားသည် မြွေနှစ်ကောင်ကို ဖန်ဆင်းလိုက်သည်။

"သည်မြွေနှစ်ကောင်တွင် မည်သည့်မြွေသည် အထီးဖြစ်၍ မည်သည့်မြွေသည် အမ ဖြစ်ပါသနည်း" ဟူ၍ မေးမြန်းလေသည်။

နတ်သား၏မေးမြန်းချက်ကို ဘုရင်လည်းမဖြေဆိုနိုင်။ ပညာရှိများလည်း မဖြေဆိုနိုင်။ မှူးမတ်များလည်း မဖြေဆိုနိုင်။

ဘုရင်ကနတ်သားအား 'ခေတ္တဆိုင်းပါဦး'ဟု ခွင့်တောင်းသည်။ ထို့နောက် ထိုမေးခွန်းကို ဖြေဆိုနိုင်သူအား ဆုလာဘ်အမြောက်အမြား ပေးမည်ဖြစ်ကြောင်း တိုင်းပြည်အနှံ့ ကြေညာစေသည်။ သို့ရာတွင် ဖြေဆိုနိုင်သူ မပေါ်ပေ။

သည်တွင် ဖခင်ကို လိုဏ်ဂူထဲ၌ ဝှက်ထားသောအမတ်သည် ဖခင်ထံသွား၍ အကျိုးအကြောင်း ပြောပြ မေးမြန်းသည်။

ထိုအခါ ဖခင်က... "ချစ်သား၊ သည်ကိစ္စမှာ လွယ်ပါသည်။ အလွန်တရာ နူးညံ့သော ကော်ဇောပေါ်သို့ မြွေနှစ်ကောင်ကို ညင်သာစွာချထားပါ၊ လှုပ်ရှားသောမြွေသည် မြွေထီး။ တစ်စုံတစ်ရာမလှုပ်ရှားဘဲ ငြိမ်၍ ခွေနေသော မြွေသည်ကား မြွေမ ဖြစ်သည်"ဟူ၍ ပြောပြ၏။

အမတ်လည်း ဖခင်ဆိုတိုင်းပင် ဘုရင်ကိုလျှောက်ထားသည်။ ဘုရင်လည်း ဝမ်းမြောက်ဝမ်းသာပင် အမတ်လျှောက်ထားသည့်အတိုင်း ပြုမူဖြေဆိုသည်။ အဖြေမှန်သွားသည်။

"မှန်ပေသည်"ဟု နတ်သားက ဆိုသည်။ တစ်စုံတစ်ရာ ရန်မပြုပေ။ ထို့နောက် နတ်သားက မေးခွန်းတစ်ခုကို ထပ်မံမေးပြန်သည်။


ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
ရွှေသွေးဂျာနယ် အတွဲ(၁)၊ အမှတ်(၁၆)၊ (၁၉-၄-၆၉)

"တစ်စုံတစ်ယောက်သည် အိပ်ပျော်လျက်ရှိသည်။ သို့သော် ထိုသူကို နိုးထနေသူဟု ခေါ်ကြသည်။ တစ်ဖန် ထိုသူသည် နိုးထလျက်ရှိသော်လည်း အိပ်ပျော်နေသူဟု အခေါ်ခံရပြန်သည်။ ထိုသူသည် မည်သူနည်း"

သည်မေးခွန်းကို မည်သူမျှ မဖြေဆိုနိုင်ပြန်။

အမတ်သည် ဖခင်ထံ သွားရောက်မေးမြန်းပြန်သည်။

ဖခင်က... "ချစ်သား၊ ထိုသူမှာ ကမ္မဋ္ဌာန်းတရားလေ့ကျင့် အားထုတ်နေသူဖြစ်သည်။ ထိုသူသည် ကမ္မဋ္ဌာန်းတရား လေ့ကျင့်အားထုတ်ခြင်းမပြုသူနှင့် နှိုင်းစာပါက နိုးထနေသူပင် ဖြစ်တော့သည်။ တစ်ဖန် ထိုသူသည် ကမ္မဋ္ဌာန်းတရား လေ့ကျင့်အားထုတ် ပေါက်မြောက်၍ ပညာဉာဏ်ထူးရရှိသူနှင့် နှိုင်းစာပြန်ပါက အိပ်ပျော်နေသူပင် ဖြစ်တော့သည်"ဟူ၍ ဖြေဆိုပြောပြ၏။

အမတ်လည်း ဖခင်ဆိုတိုင်း ဘုရင်ကိုလျှောက်ထားသည်။ ဘုရင်သည် အမတ်လျှောက်ထားသည့် အတိုင်းပင် နတ်သား၏အမေးကို ဖြေဆိုသည်။ နတ်သားက မှန်ပေသည်ဟု ဆိုလေသည်။

ထို့နောက် နတ်သားက မေးခွန်းတစ်ခု မေးပြန်သည်။

"ဧရာမကြီးမားလှသော ဆင်ကြီးတစ်ကောင်၏အလေးချိန်ကိုသိရန် သင်မည်သို့ ချိန်တွယ်မည်နည်း"

ထိုမေးခွန်းကိုလည်း မည်သူမျှ မဖြေဆိုနိုင်ပြန်။ အမတ်သည် ဖခင်ထံ သွားရပြန်သည်။ ဖခင်က... "ချစ်သား၊ ရှေးဦးစွာ ဆင်ကိုလှေပေါ်တင်ပါ၊ ရေထဲတွင်လှေမည်မျှ နစ်မြုပ်သည်ကို အမှတ်အသားပြုထားပါ၊ ထို့နောက် ဆင်ကို လှေပေါ်မှချပါ။ ကျောက်ခဲများကို လှေပေါ်သို့တင်ပါ။ ယခင် မှတ်သားထားသော အမှတ်အသားသို့ ရောက်သည်အထိ ကျောက်ခဲများကိုတင်ပါ။ ထို့နောက် ထိုကျောက်ခဲများကို ချိန်ကြည့်ပါ၊ ဆင်၏ အလေးချိန်ကို သိရပါလိမ့်မည်"ဟူ၍ ပြောပြ၏။

ထိုအတိုင်းပင် ဘုရင်က ဖြေဆိုရာ နတ်သားက နှစ်သက်သဘောကျသွားသည်။

"မှန်ပေသည်"ဟုဆို၏။ ထို့နောက် နတ်သားက မေးခွန်းတစ်ခုကို မေးပြန်သည်။

"ရေတစ်ခွက်သည် သမုဒ္ဒရာရှိရေအားလုံးထက် ပိုမိုများပြားသည်ဆိုသည်မှာ ဟုတ်မှန်ပါသလား"

ထိုမေးခွန်းကိုလည်း မည်သူမျှမဖြေဆိုနိုင်ပြန်။ အမတ်၏ဖခင်ကပင် ရှင်းလင်းဖြေဆိုပြရပြန်သည်။

"ချစ်သား၊ မိဘ သို့မဟုတ် နာမကျန်းဖြစ်သူတစ်ဦးဦးအား စင်ကြယ်မွန်မြတ်သော စေတနာဖြင့် ရေတစ်ခွက်တိုက်ကျွေးမှုအတွက် ရရှိသော ကောင်းမှုကုသိုလ်သည် မည်သည့်အခါမျှ မခြောက်ခန်း၊ ထာဝစဉ် ပြည့်ဖြိုးလျက်ရှိသည်။ သမုဒ္ဒရာရေမူ တစ်နေ့သောအခါ ခြောက်ခန်းနိုင်သည်။ ထို့ကြောင့် ရေတစ်ခွက်သည် သမုဒ္ဒရာရေထက် ပိုမိုများပြားသည်ဟု ဆိုနိုင်ပေသည်"

ဘုရင်က သည်အတိုင်းဖြေဆိုရာ နတ်သားသည် နှစ်သက်သဘောကျသွားပြန်သည်။

"မှန်ပါပေသည်"ဟူ၍ ဆို၏။

ထို့နောက် နတ်သားသည် အစာငတ်မွတ်သဖြင့် အရိုး၊ အရေသာ ကျန်ရှိနေသော ဒုက္ခိတတစ်ဦးကို ဖန်ဆင်းပြကာ မေးခွန်းတစ်ခု မေးပြန်သည်။

"ကမ္ဘာပေါ်တွင် သည်သူထက် ပိုမိုငတ်မွတ်သူ ရှိပါသေးသလော"

ထိုအမေးကို အမတ်၏ ဖခင်ကလည်း အလွယ်တကူပင် ဖြေဆိုသည်။

"ချစ်သား၊ အကြင်သူသည် အတ္တလည်းကြီး၊ လောဘလည်းကြီး၍ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကိုလည်း မယုံကြည်၊ မိဘ၊ ဆရာသမားတို့ကိုလည်း ပူဇော်သက္ကာရမပြုလျှင် ထိုသူသည် အစာရေစာ ငတ်မွတ်သူထက် ပို၍ငတ်မွတ်သူ စင်စစ်ဖြစ်တော့သည်။ ထိုသူသည် ပြိတ္တာလောကသို့ရောက်ကာ ထာဝစဉ်ငတ်မွတ်နေပေတော့မည်"

ထိုအတိုင်းပင် ဘုရင်ကဖြေဆိုသည်။ နတ်သားသည်ခေါင်းညိတ်ကာ... "မှန်ပါပေသည်"ဟူ၍ဆို၏။ ထို့နောက် နတ်သားသည် စန္ဒကူးသားတုတ်တစ်ချောင်းကို ဖန်ဆင်းပြကာ...

"သည်စန္ဒကူးသားတုတ်ချောင်းတွင် မည်သည့်အစွန်းဘက်သည် အရင်းဖြစ်ပါသနည်း"ဟူ၍ မေးသည်။ ထိုမေးခွန်းကိုလည်း အမတ်၏ဖခင်က အလွယ်တကူပင် ဖြေဆိုနိုင်သည်။

"ချစ်သား၊ စန္ဒကူးသားတုတ်ချောင်းကို ရေပေါ်ချကြည့်ပါ။ အရင်းပိုင်းကျသော အစွန်းပိုင်းသည် အဖျားပိုင်းထက် အနည်းငယ်ပို၍ ရေတွင်မြုပ်နေသည်ကို တွေ့ရလိမ့်မည်"

ဘုရင်သည် ထိုအတိုင်းပင်ပြု၍ ဖြေဆိုပြသည်။ နတ်သားကလည်း

"ဟုတ်ပါပေသည်" ဟူ၍ဆို၏။ ထို့နောက် နတ်သားသည် အရွယ်တူမြင်းမနှစ်ကောင်ဖန်ဆင်း၍ ပြသ မေးမြန်းပြန်သည်။

"သည်မြင်းနှစ်ကောင်တွင် တစ်ကောင်သည်မိခင်မြင်းမ၊ တစ်ကောင်သည် ရင်သွေးသမီးငယ်မြင်းမ ဖြစ်သည်။ သိသာအောင် မည်သို့ ခွဲခြားပြမည်နည်း"

အမတ်၏ ဖခင်ကလည်း ထိုမေးခွန်းကို ချက်ချင်းဖြေဆိုပြ၏။

"ချစ်သား၊ မြင်းနှစ်ကောင်ကို ကောက်ရိုးအစာ ကျွေးကြည့်ပါ။ မိခင်မြင်းမသည် ရင်သွေးသမီး မြင်းမထံ ကောက်ရိုးအစာကို နှုတ်သီးဖြင့်ထိုး၍ ပေးလိမ့်မည်"

ဘုရင်လည်း ထိုအတိုင်းပြု၍ ဖြေဆို၏။ နတ်သားလည်း...

"ဟုတ်ပါပေသည်" ဟု ဆို၏။ ထို့နောက် နောက်ထပ် တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုတော့။ ရန်လည်း မပြု။ ကျေနပ်ကြည်သာစွာ ပျောက်ကွယ်သွားလေသည်။

ဘုရင်သည် အမတ်ကိုကျေးဇူးတင်ကာ ချီးကျူး၍ ဆုလာဘ်များ ချီးမြှင့်လေသည်။ သည်အခါ အမတ်က မေးခွန်းများကို မိမိဖြေဆိုနိုင်သည်မဟုတ်။ ဖခင်သူအိုကသာ ဖြေဆိုကြောင်း အကျိုးအကြောင်း ရှင်းပြ လျှောက်ထားသည်။

ဘုရင်သည် သည်အခါတွင်မှ သူအို၏တန်ဖိုးကို သိရှိသွားသည်။ သူအိုကို ကျေးဇူးတင်မဆုံး ရှိသွားသည်။ သို့ဖြင့် သူအိုများအား တောင်ပေါ်သို့ပို့၍ စွန့်ပစ်ရမည်ဟူသောအမိန့်ကို ပယ်ဖျက်လိုက်သည်။

ထိုနေ့မှစ၍ အမတ်၏ ဖခင်အပါအဝင် သူအိုများသည် သားသမီးများ၏ ပြုစုစောင့်ရှောက်မှုကို ကောင်းစွာခံယူရရှိလေသည်။ ။

**(ဗုဒ္ဓအဆုံးအမကျမ်းမှ)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ

### ထိပ်ဆုံးသို့

တစ်တောင်ပေါ် တစ်တောင်ဆင့်
တောင်အမြင့် ပတ်ခြံရံ။
တစ်တောင်ဆုံးပြန်တော့
တစ်လုံးကျန်ပြန်ပေသမို့
ဖန်ဖန်လေ အားအင်နှုံးလို့ရယ်
ကြိုးလျှောက်ရပြန်။
ခါတလေ တကယ်ပန်းတာကြောင့်
တော်ပါပြီ ဆက်မလှမ်းချင်ဘု
ရပ်တန်းက ရပ်မယ်ကြံ
အမှန်တော့ ဖြစ်နိုင်မလား။
စခဲ့မိဟာပေါ့
တစ်နေ့မှာ ဆုံးရာရောက်ပါလိမ့်
အားလျှော့ကာ ဆုတ်ချင်စမ်းပါနဲ့
စိတ်နွမ်း အသာဖြေဦး
မာလာငွေ ကန်ရေအေးရယ်နှင့်
ငှက်တေးကို အာရုံဆင်လို့
မှုတသွင် အားအင်သစ်လိုက်ပါ့
ချစ်ဖွယ့်လူသား။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၀

# ဆယ်ကျော်သက်များ၏ ဒေါသကို ရင်ဆိုင်ဖြေရှင်းပေးရန် မိဘများက မည်သို့ ကူညီပေးနိုင်သနည်း

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

ဆယ်ကျော်သက်အများစုသည် ပြင်းထန်သော ဒေါသခံစားချက်များကို သင့်တင့်လျောက်ပတ်စွာ ထုတ်လွှတ်နိုင်စွမ်း မရှိသောကြောင့် ပြဿနာတက်ကြသည်။ ဆယ်ကျော်သက်များသည် အကြောင်းအမျိုးမျိုးကြောင့် ဒေါသထွက်ကြပြီး ဤခံစားချက်များကို နည်းလမ်းပေါင်းများစွာဖြင့် ထုတ်ဖော်ပြောဆိုကြသော်လည်း အားလုံးသည် နာကျင်သောစိတ်ခံစားမှုကို တွေ့ကြုံခံစားပြီး မည်သို့စီမံဆောင်ရွက်ရမည်ကို မသိရှိကြချေ။ မသင့်လျော်သော ဒေါသထွက်မှုများသည် စိတ်ပူပန်နေသော ဆယ်ကျော်သက်များအတွက် ပြင်းထန်သော အကျိုးဆက်များကို ဖြစ်စေနိုင်သည်။ သို့ရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် မိဘများက ကူညီပေးနိုင်သည်။

**သင့်ဆယ်ကျော်သက် ဒေါသကို နားလည်ပါ။**

ဒေါသသည် ဆယ်ကျော်သက်များအတွက် စိန်ခေါ်ရလေ့ရှိသော စိတ်ခံစားမှုတစ်ခုဖြစ်ပြီး တစ်ခါတစ်ရံတွင် ကြီးကြီးမားမား ဖြစ်စေနိုင်သည်။ ဒေါသထွက်နေသော ခံစားချက်များကို မည်သို့ဖြေရှင်းရမည်မသိသော ဆယ်ကျော်သက်တစ်ဦးသည် ယင်းခံစားချက်များကို တိုက်ရိုက်ဆောင်ရွက်လိုသော ပြင်းထန်သောဆန္ဒ ခံစားရနိုင်သည်။ ယင်းခံစားချက်က အခြားသူများအပေါ် အန္တရာယ်ဖြစ်စေနိုင်သည်။ ပြဿနာတက်နေသော ဆယ်ကျော်သက်တစ်ဦးသည် သူတို့၏ ဒေါသကို ပြဿနာများဖြင့် ဖြေရှင်းတတ်ရာ မိဘများအနေဖြင့် ယင်းစိတ်ခံစားချက်များကို တွန်းပို့ပေးသောအရာကို သိရှိနားလည်ပြီး ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် ထုတ်ဖော်ပြောဆိုစေရေး အကူအညီပေးနိုင်သည်။

စင်စစ်ဒေါသသည် ပြဿနာမဟုတ်ချေ။ ဒေါသထွက်ခြင်းသည် ဆယ်ကျော်သက်အများစုအတွက် တကယ့်ပြဿနာ မဟုတ်ချေ။ ဒေါသသည် သိသာထင်ရှားသည့် ရုပ်ပိုင်းနှင့် စိတ်ခံစားမှုဆိုင်ရာ မသက်မသာဖြစ်မှု ဖြစ်စေနိုင်သော်လည်း ၎င်းသည် စိတ်ထိခိုက်ခြင်း သို့မဟုတ် စိတ်ပျက်ခြင်း သို့မဟုတ် စွမ်းအားမရှိခြင်းအတွက် သင့်လျော်သော တုံ့ပြန်မှုဖြစ်သည်။ ဒေါသသည် တွေ့ကြုံခံစားရန်နှင့် သတိပြုမိရန် အမှန်တကယ်အရေးကြီးသော စိတ်ခံစားမှုဖြစ်သည်။ ၎င်းသည် စိတ်ပူပန်သော ဆယ်ကျော်သက်များစွာအတွက် ရှုန်းကန်ရမည့် စိတ်ခံစားချက်ကို ဖော်ပြသည်။ ကလေးငယ်တစ်ဦးကဲ့သို့ စိတ်ဆိုးဒေါသထွက်သောအခါ သို့မဟုတ် မပျော်ရွှင်သည့်အခါ ဒေါသကဲ့သို့သော စိတ်ခံစားချက်ရှိသည့် ဆယ်ကျော်သက်တစ်ဦးသည် အခြားလူများ သို့မဟုတ် အရာဝတ္ထုများပေါ်သို့ လွှင့်ပစ်ခြင်းဖြင့် ဒေါသကို ဖြေရှင်းရန် ကြိုးစားလေ့ရှိသည်။ မိဘများစွာသည် ဆယ်ကျော်သက်များ ရန်ဖြစ်ခြင်း သို့မဟုတ် အခြားသူများကို ရန်လိုသောဒေါသများကြောင့် ဆယ်ကျော်သက်များကို ကိုင်တွယ်ရန် ဖိအားပေးခံရသည်။

**ဆယ်ကျော်သက်များအား ဒေါသထွက်ခြင်းကို လုံခြုံစွာ ကူညီရန် နည်းဗျူဟာများ**

ပေါက်ကွဲတတ်သော ဆယ်ကျော်သက်များကို ကူညီရာတွင် စိန်ခေါ်မှုသည် ဒေါသထွက်ခြင်းကို အသိအမှတ်ပြုရန်နှင့် ယင်းကို ပိုမိုအပြုသဘောဖြင့် ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများကို လေ့လာနေစဉ် ဆယ်ကျော်သက်များကို လုံခြုံအောင် ပြုလုပ်ခြင်းဖြစ်သည်။ ဒေါသထွက်နေသော ဆယ်ကျော်သက်တစ်ဦးကို မိဘများက အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သော နည်းလမ်းများရှိသည်။

**ကာယလှုပ်ရှားမှုများတွင် ပါဝင်ပါ။**

ဆယ်ကျော်သက် အများစုတွင် စိတ်ဆိုးဒေါသထွက်သည့်အခါ ရုပ်ပိုင်းဆိုင်ရာ တစ်ခုခုပြုလုပ်ရန် စိတ်ကူးသည် အလွန်ပြင်းထန်သည်။ အားကစားနှင့် အခြားလေ့ကျင့်ခန်းများတွင် ပါဝင်ခြင်းသည် ပုံမှန်အားဖြင့် ဒေါသကို ဖြေလျှော့ပေးရန် ကူညီပေးသည်။

**ထိုးအိတ်ကို ထိုးပါစေ။**

ဆယ်ကျော်သက်များသည် သူတို့၏ ဒေါသကိုဖယ်ရှားရန် လုံခြုံသော နည်းလမ်းများ လိုအပ်သည်။ ဤတွင် ထိုးအိတ်သည် ကောင်းစွာအလုပ်ဖြစ်သည်။ ခေါင်းအုံးကို ကြိမ်ဖန်များစွာ ရိုက်ခြင်းမျိုးလည်း အကျုံးဝင်သည်။

**ခဏတဖြုတ် အချိန်ပေးလိုက်ပါ။**

ဆယ်ကျော်သက်များ ဒေါသအရှိန် မြင့်တက်လာသောအခါ ငြိမ်သက်ရန်နှင့် အော်ဟစ်ရန် တစ်ယောက်တည်းနေရန် လိုအပ်သည်။ အခြားအရာများအပေါ် အပျက်သဘောမဆောင်ဘဲ ဘေးကင်းစွာနှင့်နေရန် ခဏတဖြုတ် အချိန်ပေးလိုက်ပါ။

**ဂီတဖြင့် ဖြေသိမ့်ပါ။**

ဆယ်ကျော်သက် အများစုနှင့် ရေပန်းစားနေသော သီချင်းသည် ဆယ်ကျော်သက်များအား ဒေါသထွက်မှုများကို ဖော်ထုတ်ပြသရန် ကူညီပေးသည်။ ဒေါသအပြည့်နှင့် သီချင်းများ၊ အတူကစားခြင်း၊ ကခုန်ခြင်း၊ သီချင်းဆိုခြင်းများကလည်း ကူညီပေးသည်။

**ဒေါသကို အစပျိုးနေသော အကြောင်းရင်းများကို ဖော်ထုတ်ပါ။**

ဆယ်ကျော်သက်များက ဒေါသပေါက်ကွဲမှုများဆီသို့ ဦးတည်သော အချိတ်အဆက်များပြုလုပ်နိုင်မှု ပိုကောင်းလေလေ၊ ယင်းခံစားချက်များကို ဖော်ပြရာတွင် သူတို့ကို ထိန်းချုပ်မှု ပိုမိုရရှိလေလေဖြစ်သည်။

**ဒေါသထွက်စေသော ခံစားချက်များကို ဖန်တီးဖော်ပြပါ။**

စာရေးခြင်းနှင့် ပုံဆွဲခြင်းကို ဆယ်ကျော်သက်များအနေဖြင့် ဒေါသကို ထုတ်ဖော်နားလည်ရန် ထိရောက်စွာ အသုံးပြုနိုင်သည်။

ဒုက္ခရောက်နေသော ဆယ်ကျော်သက်တစ်ဦးသည် သူတို့၏ ဒေါသကို ကိုင်တွယ်ရန် မတတ်နိုင်သေးသောအခါ သူတို့ဒေါသ၏ အရင်းခံကိုရှာရန် ကူညီနိုင်ရေး စဉ်းစားရမည်။ သူတို့၏ ခံစားချက်များကို စီမံပေးရန် နည်းလမ်းများကို လေ့လာရမည် ဖြစ်သည်။

စိတ်မထိန်းနိုင်သော ဒေါသသည် ဆယ်ကျော်သက်များတွင် စိတ်ကျန်းမာရေး ချို့ယွင်းမှုများနှင့် ဆက်နွှယ်နေသည်ကို သတိပြုရမည် ဖြစ်သည်။ ထို့ကြောင့် သူတို့၏ ဒေါသသည် ပြဿနာအဖြစ် ဆက်လက်ဖြစ်နေပါက သင်၏ ဆယ်ကျော်သက်အတွက် ကျွမ်းကျင်မှုအကူအညီ ရယူရပေမည်။

*[Ref: How parents can help troubled teens cope with anger by Kathryn Rudlin]*

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ပြုံးစရာ

### ကိုယ့်အိတ်ကို ပြန်စစ်ရမှာ

ရဲမှူး - ဘတ်စ်ကားစီးရင် မင်းရှေ့ကလူတစ်ယောက်ကို ခါးပိုက်နှိုက်နေတာမြင်ရင် မင်းဘာလုပ်မလဲ။

ရဲသား - ဟာ အရင်ဦးဆုံး ကိုယ့်အိတ်ကို ပြန်စစ်ဆေးရမှာပေါ့ ဆရာရဲ့။

### မုတ်ကောင် ဝယ်လိုက်နော်

ကြီးဒေါ် - အခု ငါဝယ်လာတဲ့ ပုလဲလေးတွေဟာ မုတ်ကောင်ကထွက်တာ ပူစူးမရဲ့။

ပူစူးမ - ဒါနဲ့များ ကြီးဒေါ်က ပုလဲဝယ်မယ့်အစား မုတ်ကောင်ကို ဝယ်လာလိုက် ပြီးရောရှင်။

### ဘယ်ဘက်က လိုက်ရမှာလဲ

တရားသူကြီး - စောစောက လျှောက်လဲချက်တွေအတွက် ရှေ့နေကြီး မရှင်းတာတွေ ပြန်မေးနိုင်ပါတယ်။

ရှေ့နေ - ကျွန်တော် အခုလိုက်ရမှာ တရားခံဘက်ကလား၊ တရားလိုဘက်ကလား ခင်ဗျာ။

### ဒီလောက်ဝေးမှတော့

သား - ဆန်ဖွတ်တဲ့အဘိုးအိုဟာ လပေါ်မှာ တကယ်ရှိတာလား အဖေ။

လယ်သမား - ကြံကြံဖန်ဖန်ကွာ၊ ဒီလောက်ဝေးမှတော့... ဆန်ကုန်သည်တွေ ဒုက္ခရောက်သွားမှာပေါ့။

**မာတင်ဖဲ**


# ကမ္ဘာကြီးဟာ ပူလိုက်၊ နွေးလိုက်၊ အေးလိုက် ဒီလိုပါပဲ

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)



- ကမ္ဘာ့သမိုင်းမှာ လူသားဟာ အလွန်တရာ ကြမ်းတမ်းလှတဲ့ ရေခဲခေတ်ကြီးတွေနဲ့ သဘာဝဘေးအန္တရာယ်ကြီးတွေကို ခက်ခက်ခဲခဲနဲ့ ဖြတ်ကျော်ခဲ့ရပါတယ်။
- ရာသီဥတုပြောင်းလဲမှုဟာ ကမ္ဘာကြီးပူနွေးလို့ပဲ။ ကမ္ဘာကြီးပူနွေးတာဘာကြောင့်လဲ။
- သိပ္ပံအခေါ်အရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ကြောင့်လား။
- သစ်တောသစ်ပင်တွေ နည်းပါးတာကြောင့်လား။
- ပြဿနာတွေကို ဖြေရှင်းရာမှာ ရံဖန်ရံခါဆိုသလို သိပ္ပံပညာရှင်တို့ဟာ အရေးပါအခရာကျတဲ့ ဇာစ်မြစ်ကို မြင်တွေ့ကြသူတွေဖြစ်ပါတယ်။ ပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးနိုင်လေ့ရှိပါတယ်။
- လူသားဟာ မိမိဉာဏ်ရည်၊ အသိဉာဏ်နဲ့ စွမ်းအားမှန်သမျှ ထုတ်သုံးနိုင်တာမို့ ကမ္ဘာကြီးပူနွေးခြင်း၊ ပုံမမှန်ရာသီဥတုဖြစ်ပေါ်ခြင်း၊ ဆိုင်ကလုံးမုန်တိုင်းတွေ မကြာခဏ တိုက်ခတ်ခြင်း၊ တောမီးတွေလောင်ခြင်း ဘေးအန္တရာယ်တွေကို ဘယ်လို ကာကွယ်နိုင်မလဲ ဆိုတဲ့အချက်တွေနဲ့ ဒီဆောင်းပါးကို စချင်ပါတယ်။

ကမ္ဘာဂြိုဟ်ဟာ နှစ်သန်းပေါင်း ၄၆၀၀ ကတည်းကပေါ်ပေါက်ခဲ့ပါတယ်။ နှစ်သန်းပေါင်း ထောင်ချီရှိခဲ့တဲ့အခါက လေထုနဲ့ ရာသီဥတုတို့ဟာလည်း အပြောင်းအလဲရှိခဲ့ပါတယ်။ ကမ္ဘာကြီးပူနွေးတာဟာ ဘာကြောင့်လဲ၊ နေရောင်ခြည်တစ်ခုတည်းကြောင့် မဟုတ်နိုင်ဘူး။ နေကထုတ်လွှတ်တဲ့ စွမ်းအင်ပမာဏဟာ ယနေ့နဲ့နှိုင်းရင် အဆ ၂၅-၃၀ ရာခိုင်နှုန်း နည်းပါသေးတယ်။




မီးတောင်တွေကထွက်တဲ့ ဓာတ်ငွေ့တွေကို လေ့လာရာမှာ ကမ္ဘာဦးလေထုမှာ ကာဗွန်ဒိုင်အောက်ဆိုက် $CO_2$ ဓာတ်ငွေ့ဟာ ယနေ့ အခြေအနေထက် အဆပေါင်း ၁၀၀၀ မြင့်ခဲ့တယ်လို့ သိပ္ပံအထောက်အထားကို အခြေခံခန့်မှန်းပြောဆိုတာဖြစ်ပါတယ်။ အထောက်အထားတွေရှိခဲ့ပါတယ်။ US နဲ့ ယခင် USSR တို့လွှတ်တင်တဲ့ ဂြိုဟ်တုတွေဟာ Venus ရဲ့ လေထုကို လေ့လာခဲ့ပါတယ်။ Venus ကောင်းကင်မှာ ကာဗွန်ဒိုင်အောက်ဆိုက်က ၉၆ ရာခိုင်နှုန်း ရှိပါတယ်။ အပူချိန်ဟာ 450°C ပဲရှိတယ်လို့ သိရပါတယ်။ ကမ္ဘာကတော့ နှစ်စဉ် ပျမ်းမျှအပူချိန်ဟာ 15°C သာရှိပါတယ်။

Venus နဲ့ နေ၊ ကမ္ဘာနဲ့နေ အကွာအဝေးကို အကြောင်းပြုရင် Venus ရဲ့ အပူချိန်ဟာ 100°C ပဲ ရှိသင့်ပြီး ကမ္ဘာရဲ့အပူချိန်ဟာ –18°Cရှိမယ်လို့ တွက်လို့ရပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ရဲ့ လေထုတွင်းပါဝင်မှုရာခိုင်နှုန်းက 0.04 ရာခိုင်နှုန်းပဲ ဖြစ်ပါတယ်။ အပူချိန် 33°C မြင့်တက်ခဲ့ပါတယ် (33°C–18°C=15°C)။ ကမ္ဘာရဲ့ နှစ်စဉ်ပျမ်းမျှအပူချိန်ဟာ 15°C သာရှိပါတယ်။ ဒါကြောင့် ကမ္ဘာကြီးပူနွေးခဲ့တာဟာ ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့်လို့ ပြောနိုင်တာဖြစ်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဟာ အပူ IR ရောင်ခြည်ကို စုပ်ယူတာ ထင်ရှားပါတယ်။

လေထုနဲ့ရေထုထဲမှာ လွန်စွာများပြားတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်(Carbon dioxide) ဓာတ်ငွေ့ကြောင့် ကမ္ဘာဦးကတည်းကရှိခဲ့တဲ့ ရေခိုးရေငွေ့နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တို့ကြောင့် ကမ္ဘာကြီးဟာ နွေးနွေးထွေးထွေးနဲ့ နေသာထိုင်သာရှိခဲ့ပါတယ်။ ဒီကမ္ဘာမှာ သက်ရှိတွေပေါ်ပေါက်ဖို့ဖြစ်ခဲ့ပါတယ်။ သိပ္ပံအခေါ်အရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (Greenhouse gas) လို့ ခေါ်ပါတယ်။

နှစ်အပိုင်းအခြားအရ ရေခဲထဲမှာပိတ်မိနေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ အခြားဓာတ်ငွေ့တွေရဲ့ ပမာဏကိုလည်း တိုင်းတာနိုင်ခဲ့ပါတယ်။ ကမ္ဘာကြီးရဲ့အပူချိန် အပြောင်းအလဲဖြစ်ခဲ့ပုံနဲ့ ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏနှစ်ခုကို ဂရပ်တစ်ခုထဲမှာ ထင်ဟပ်ကြည့်တဲ့အခါ ဆက်နွယ်မှုရှိနေတာကို တွေ့ရပါတယ်။

ဥပမာလွန်ခဲ့တဲ့ နှစ် နှစ်သောင်းက တကယ်တော့ နောက်ဆုံးရေခဲခေတ်အတွင်းက ကမ္ဘာ့လေထုအပူချိန်ဟာ ၁၉၅၀-၈၀ ပျမ်းမျှအပူချိန်ထက် ကိုးဒီဂရီစင်တီဂရိတ်နိမ့်ခဲ့ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏဟာလည်း ၁၈၅ ပီပီအမ် လောက်ပဲ ရှိခဲ့ပါတယ်။ ကမ္ဘာကြီးရဲ့ပျမ်းမျှအပူချိန်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်သိန်းသုံးသောင်းမှာ ၁၆ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏဟာလည်း ၃၀၀ ပီပီအမ်အထိ မြင့်တက်ခဲ့တာတွေ့ရပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ ရေခိုးရေငွေ့တို့ဟာ သဘာဝအလျောက် လေထုထဲမှာရှိနေခြင်းကြောင့် ကမ္ဘာကြီးဟာ ပူနွေးနေမှာပါပဲ။

ရာသီဥတုပြောင်းလဲမှုကို အထူးတလည် လေ့လာတဲ့ အဖွဲ့ကတော့ “The Intergovernmental Panel on Clamite Change (IPCC)” ဖြစ်ပါတယ်။ ပညာရှင်ပေါင်း ၂၅၀၀ က သိပ္ပံအချက်အလက်တွေကို မျှမျှတတသုံးသပ်တဲ့အဖွဲ့က အရှိကိုအရှိအတိုင်း ရာသီဥတုပြောင်းလဲမှုကို စနစ်တကျ လေ့လာနေတာ ဖြစ်ပါတယ်။


၁၇ ရာစု ကမ္ဘာကြီးဟာ အလွန်အေးခဲ့ပါတယ်။ အဲဒီအချိန်က ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ၂၆၀ ပီပီအမ် ရှိခဲ့ပါတယ်။ ၁၉၄၀ ပြည့်နှစ်ရောက်တော့ ၃၀၀ ပီပီအမ်၊ ၁၉၉၀ ပြည့်နှစ်တွေဟာ ကမ္ဘာကြီး ပိုမိုပူနွေးတဲ့ နှစ်တွေဖြစ်ခဲ့ပါတယ်။ ဒါဟာ ဆက်စပ်မှုလို့ ပြောရပါမယ်။

၁၈ ရာစုနှစ်ဝက်ရောက်တော့ ရေနွေးငွေ့စက်မောင်းဖို့အတွက် လောင်စာဟာ သစ်တောသစ်ပင်ကရတဲ့ သစ်သားထင်းပဲဖြစ်ပါတယ်။ ပြန်ဆန်းစစ်ကြည့်ရင် လူ့ရဲ့ယဉ်ကျေးမှုကြီး တိုးတက်ခဲ့တာ စက်မှုထွန်းကားလို့ပဲ။ ရေနွေးငွေ့အင်ဂျင်စက်တွေ ပေါ်ခဲ့စဉ်က ထင်းဟာလောင်စာ၊ သစ်တောသစ်ပင်ပဲ၊ သစ်တောသစ်ပင်ကို ထင်းမီးသွေးအဖြစ် သုံးနေဆဲဆိုတော့ လေထုထဲ ကာဗွန်ဓာတ်ငွေ့ ရောက်လာရပါတယ်။

၁၉၀၀ပြည့်နှစ်က သစ်တောဟက်တာ ခြောက်ဘီလီယံ ရှိပါတယ်။ လူဦးရေက သုံးဘီလီယံ၊ ယခုအခါ ကမ္ဘာ့မြေမျက်နှာပြင်ရဲ့ ၃၀ ရာခိုင်နှုန်းဟာ သစ်တောနဲ့ လွှမ်းခြုံလျက်ရှိနေတော့ သစ်တောဟက်တာ လေးဘီလီယံ နီးပါးရှိပါတယ်။ ပြဿနာက နှစ်စဉ် သစ်တောဟက်တာ ၁၃ သန်းနှုန်းနဲ့ ပျောက်ကွယ်ခြင်းဟာ ကမ္ဘာကြီးပူနွေးခြင်းရဲ့ တရားခံပဲဖြစ်ပါတယ်။ သစ်တောတစ်ဟက်တာ ပျောက်ကွယ်သွားရင် လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက် တန် ၅၀၀ ဟာ ဒီအတိုင်းကျန်နေခဲ့လို့ ပမာဏမြင့်တက်လာတယ်လို့ ပြောလို့ရပါတယ်။

စာမျက်နှာ ၂၃ သို့ ❍

၁၇ ရာစု ကမ္ဘာကြီးဟာ အလွန်အေးခဲ့ပါတယ်။ အဲဒီအချိန်က ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ၂၆၀ ပီပီအမ် ရှိခဲ့ပါတယ်။ ၁၉၄၀ ပြည့်နှစ်ရောက်တော့ ၃၀၀ ပီပီအမ်၊ ၁၉၉၀ ပြည့်နှစ်တွေဟာ ကမ္ဘာကြီး ပိုမိုပူနွေးတဲ့ နှစ်တွေဖြစ်ခဲ့ပါတယ်။ ဒါဟာ ဆက်စပ်မှုလို့ ပြောရပါမယ်။






❍ စာမျက်နှာ ၂၂ မှ


ရာခိုင်နှုန်းအားဖြင့် စက်မှုခေတ်မတိုင်မီက ထက် ကာဗွန်ဒိုင်အောက်ဆိုက် ၂၀-၅၀ ရာခိုင်နှုန်း မြင့်မားလာပါတယ်။ တန်ချိန်နဲ့ပြောရင် သစ်တောဟက်တာ ၁၃ သန်းနှုန်းနဲ့ ပျောက်ကွယ်သွားတဲ့အတွက် လေထုထဲ ကာဗွန်ဒိုင်အောက်ဆိုက်ဟာ တန်(၁၃ x ၅၀၀) = ၆၅၀၀ သန်း ရှိလာပါတယ်။ လေထုထဲ နှစ်စဉ်ပိုချပိုချ ကျန်နေတာဖြစ်ပါတယ်။ သစ်တောသစ်ပင်တွေ မပျောက်ကွယ်ခဲ့ရင် ဒီကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ဟာ Photo-synthesis ကြောင့် လေထုထဲမှာ တင်ကျန်နေမှာ မဟုတ်ပါဘူး။

**သစ်ပင်တွေသာလုပ်ဆောင်နိုင်တဲ့ Photosynthesis**

အောက်ပါ ဓာတ်ပြုခြင်းမှာ ပြထားတဲ့အတိုင်း နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တန်ချိန် ဘီလီယံ ၂၀၀ လောက်ဟာ သစ်ပင်တွေသာ လုပ်ဆောင်နိုင်တဲ့ Photosynthesis ဖြစ်စဉ်ထဲကို ဖြတ်သန်းကြပြီး ကာဗွန်ဟိုက်ဒရိုက်ကစီဓာတ်၊ ဆေးဘက်ဝင်ဗီတာမင်နဲ့ အဆီဓာတ်တွေ တန်ချိန် ဘီလီယံ ၁၀၀ ကျော် ထုတ်ပေးပါတယ်။ အောက်ဆီဂျင်ကလည်း တန်ချိန်ဘီလီယံ ၁၀၀ ကျော်ထုတ်ပေးတဲ့ ဒီသဘာဝစက်ရုံကြီးကို နေရောင်ခြည်က မောင်းနှင်ပေးပါတယ်။ သစ်ပင်မှာအစိမ်းရောင်ဆိုတဲ့ နေရာမှန်သမျှက ဓာတ်ကူပစ္စည်း ကလိုရိုဖီး (Chlorophyll) လည်း ပါဝင်ပါတယ်။

ဒီပြောင်းလဲခြင်းဟာ ဓာတုသဘောအရ အပူစုပ်ယူခြင်း (Endothermic) ရှိမှ ဖြစ်နိုင်ပါတယ်။ ဒီအပူဟာ ခရမ်းလွန်ရောင်ခြည် (Ultra-violet) ကပဲရတယ်။ နေရောင်ခြည်ပဲ ၂၈၀၀ kJ per mole of glucose ရှိပါတယ်။ တစ်နည်းအားဖြင့် Glucose တစ်ဂရမ်ရဖို့ဆိုရင် အလင်းရောင်စွမ်းအင် 15.5kJကို အပင်ကစုပ်ယူရပါတယ်။






ပြောင်းလဲကုန်ဆုံးသွားတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နေရာမှာ သက်ရှိနဲ့အပင်တို့က လေ (အောက်ဆီဂျင်) ကို ရှူရှိုက်ခြင်းကထွက်လာတဲ့ ဓာတ်ငွေ့၊ ရုက္ခ၊ သတ္တလောကတို့ သေကျေပျက်စီးဆွေးမြည့်တာကြောင့် ထွက်တဲ့ဓာတ်ငွေ့ထင်းမီးသွေးတွေလောင်ကျွမ်းလို့ ဖြစ်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေဟာ သစ်ပင်တွေစုပ်ယူသွားတဲ့နေရာမှာ အစားထိုး ရောက်လာကြလို့ ဇရာမသဘာဝစက်ရုံကြီးဟာ လည်ပတ်နေတာဖြစ်တယ်။ အစားထိုးဖြည့်စွက်တဲ့ ဒီကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သာ မရှိခဲ့ရင် လေထုထဲမှာ ပုံမှန်ရှိနေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ဟာ လအနည်းငယ်အတွင်းမှာ ကုန်ဆုံးသွားပါလိမ့်မယ်။ ကမ္ဘာကြီးဟာလည်း အလွန်အေးသွားပါလိမ့်မယ်။ အပင်တို့အတွက်ကတော့ ဒီကာဗွန်ဒိုင်အောက်ဆိုက်ဟာ မိတ်ဆွေပါပဲ။ အပင်တွေဟာ ကာဗွန်ဒိုင်အောက်ဆိုက်မရှိရင် ရှင်သန်ကြီးထွားမှု မဖြစ်နိုင်သကဲ့သို့ လူသတ္တဝါအပေါင်းဟာလည်း အပင်က ထုတ်လွှတ်ပေးတဲ့ အောက်ဆီဂျင်မရရင် အသက်ရှင်ဖို့ မဖြစ်နိုင်ပါဘူး။

ဒီသဘာဝဓာတုစက်ရုံကြီးအတွက် ကုန်ကြမ်းတွေဟာ ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ရေပဲ။ ဖန်လုံအိမ်အာနိသင်ကြောင့် ကမ္ဘာကြီးပူနွေးစေသော်လည်း ဒီဓာတ်ငွေ့ဟာ မိတ်ဆွေတွေပဲ။ လိုအပ်တာထက် ပိုလာရင်တော့ မီးလိုပဲ ရန်သူဖြစ်ပြီပေါ့။ ဒါဆိုကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ မြင့်လာရတဲ့အကြောင်းအရင်းတွေက ဘာများလဲ။

၁၉၈၀ နဲ့ ၁၉၁၀ ပြည့်နှစ်အတွင်း သိပ္ပံနဲ့နည်းပညာတီထွင်ဆန်းသစ်မှုရဲ့ရလဒ်၊ အင်ဂျင်စက်တွေ တီထွင်ခဲ့ပါတယ်။ အင်္ဂလန်မှာ အသစ်တီထွင်တဲ့ အင်ဂျင်စက်ဟာ လောင်စာအကြီးအကျယ်လိုအပ်တော့ သစ်တောတွေကထွက်တဲ့ထင်းဟာ လွယ်လွယ်မရတော့တဲ့အချိန်မှာ ကျောက်မီးသွေးဟာ ပိုပြီးအသုံးတည့်လာပါတယ်။ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကိုသုံးခဲ့ပါတယ်။ လျှပ်စစ်စွမ်းအားတွေ ထုတ်ခဲ့ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျောက်မီးသွေးတစ်ဂရမ် (1 g) ဟာ ၃၀ ကီလိုဂျူးလ် (30kJ) ထွက်ပါတယ်။ ထင်းတစ်ဂရမ်က ၁၀-၁၄ ကီလိုဂျူးလ်လောက်ပဲ ထွက်ပါတယ်။ ကျောက်မီးသွေးက စွမ်းအင်ပိုထွက်ရတဲ့အကြောင်းကတော့ ကာဗွန်ပါဝင်မှုပိုများလို့ ရေနဲ့ အောက်ဆီဂျင်ပါဝင်မှု နည်းလို့ပဲဖြစ်ပါတယ်။





ကျောက်မီးသွေးဟာဒြပ်ပေါင်း (Compound) မဟုတ် ဒြပ်စင်အရောအနှောသာဖြစ်ပါတယ်။ ပျမ်းမျှ ဖော်မြူလာတစ်ခုသဖွယ် ရေးရရင် $C_{135}H_{96}O_9NS$ လို့ ရေးနိုင်ပါတယ်။ ဒီဖော်မြူလာအရ ကာဗွန်ပါဝင်မှု ၈၅ ရာခိုင်နှုန်းအထိရှိပါတယ်။ ဒီဒြပ်စင်တွေဟာ မူရင်းအပင်ကလာတာဖြစ်ပြီး ကျောက်မီးသွေး နမူနာတွေမှာ စီလီကွန်ဆိုဒီယမ်၊ ကယ်လ်စီယမ်၊ အလူမီနီယမ်၊ နီကယ်၊ ကြေးနီ၊ သွပ်၊ အာဆင်းနစ်၊ ခဲနှင့် ပြဒါးတို့လည်း ပါဝင်ပါတယ်။

**အမေရိကန်နှင့် ဥရောပနိုင်ငံများက ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံ**

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် မြင့်လာရတဲ့ အကြောင်းရင်းကတော့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံတွေ ကမ္ဘာအရပ်ရပ်မှာ များလာလို့ပဲ။ ကျောက်မီးသွေးတန်တစ်ထောင်သုံးပြီး တစ်နာရီကြာ လျှပ်စစ်ထုတ်မယ်ဆိုရင် လေထုတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် တန်နှစ်ထောင်ထုတ်လွှတ်ပါတယ်။ ကျောက်မီးသွေးဟာညစ်ပတ်တဲ့လောင်စာ။ ရုပ်လက္ခဏာအရ ညစ်ပတ်တာထက် ကျောက်မီးသွေးစက်ရုံက ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကလည်း ကမ္ဘာကြီးပူနွေးစေတဲ့အတွက် ပြဿနာတစ်ခုဖြစ်နေပါတယ်။ ဒါတွေအပြင် အခြားဓာတ်ငွေ့တွေဖြစ်တဲ့ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် (Nitrogen dioxide) နဲ့ ဆာလ်ဖာဒိုင်အောက်ဆိုက် (Sulphur dioxide) တွေလည်း ထွက်လာတော့ အက်စစ်မိုးဖြစ်လာတာကလည်း တစ်မှောင့် ဖြစ်နေပါတယ်။ ဒီကိစ္စက ၁၉၅၀ ပြည့်နှစ်ကျော်လောက်က နည်းပညာနိမ့်ခဲ့လို့ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဒီဘက်ခေတ်ရောက်တော့ နည်းပညာတွေဟာ မြင့်မားလာခဲ့ပါတယ်။ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကိုလည်း ၉၀ ရာခိုင်နှုန်းအထိ ဖယ်ရှားနိုင်ခဲ့ပါတယ်။ အမေရိက၊ အင်္ဂလန်နိုင်ငံနဲ့ ဂျာမနီနိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ကြုံတွေ့ခဲ့တဲ့ ဆိုးကျိုးတွေထဲက "အက်စစ်မိုး" (Acid Rain)ဆိုတာနည်းပညာသစ်တွေသုံးလာတော့ ယခုဆိုရင် မဆိုစလောက်ပဲ ရှိပါတော့တယ်။ ဆာလ်ဖာပါဝင်တဲ့ ကျောက်မီးသွေးသုံးရင် ဆာလ်ဖာဒိုင်အောက်ဆိုက် ထွက်ပါတယ်။ အက်စစ်မိုးဖြစ်စေပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

✻ ယာဉ်စီးခမှ

အခုကျတော့ သတ်မှတ်ယာဉ်စီးခအတိုင်း မဟုတ်ဘဲ ယာဉ်စီးခကို ငွေကျပ် ၅၀၀၊ ငွေကျပ် ၁၀၀၀ စသဖြင့် ပိုမိုတောင်းခံတဲ့ ယာဉ်တွေ၊ ယာဉ်နောက်လိုက်ခေါ်တဲ့ စပါယ်ယာပါတဲ့ ယာဉ်တွေကို စစ်ဆေးဖမ်းဆီးရမိရင် CNG ပိတ်သိမ်းခြင်း ပြစ်ဒဏ်၊ ကာလသတ်မှတ်ပြီး လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း ပြစ်ဒဏ်တွေချမှတ်အရေးယူ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အရင်ထက်ပိုပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

YRTC ၏ ကြီးကြပ်မှုဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၊ ပုဂ္ဂလိကကြီးကြပ်အဖွဲ့များ၏ စီမံမှုအောက်တွင် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်များအား ဝန်ဆောင်မှုကောင်းသည့် YBS စနစ်ပေါ်ပေါက်ရေး၊ ဘေးကင်းလုံခြုံပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ဖော်ဆောင်ရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပြစ်မှုနှင့် ပြစ်ဒဏ်သတ်မှတ်ချက် ၁၃၈ ခု ထုတ်ပြန်၍ စစ်ဆေးကြပ်မတ်လျက်ရှိရာ ယာဉ်စီးခ ပိုမိုတောင်းခံခြင်းမပြုရန်ဟူသည့် အချက်သည် အဓိကအချက်အနေဖြင့် ပါဝင်လျက်ရှိကြောင်း၊ ထိုသို့ စစ်ဆေးကြပ်မတ်ရာတွင် ယခုနှစ် မေ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ Call Center တယ်လီဖုန်းသို့ တိုင်ကြားသည့်အမှု ၁၄၁ မှု၊ လူမှုကွန်ရက်စာမျက်နှာများမှ တွေ့ရှိဖော်ထုတ်သည့်အမှု ၁၇ မှု၊ အသွင်ယူဖမ်းဆီးသည့်အမှု ၉၂ မှု စုစုပေါင်း အမှု ၂၅၀ ရှိပြီး သက်သေအထောက်အထားခိုင်လုံသည့် ယာဉ်မောင်းအား ဒဏ်ကြေးငွေကျပ် ၃၀၀၀၀ နှင့် မောင်းနှင်ခွင့်တစ်လ ပိတ်သိမ်းသည့် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း YRTC မှ သိရသည်။

**တိုင်ကြားနိုင်ကြောင်း**

ထိုသို့အရေးယူဆောင်ရွက်လျက်ရှိသော်လည်း ပုဂ္ဂလိကကြီးကြပ်သည့် ယာဉ်လိုင်းအချို့သည် ယာဉ်စီးခပိုမိုတောင်းခံမြဲ တောင်းခံနေသည့် သတင်းကို တွေ့ရှိကြားသိနေရခြင်းကြောင့် YRTC အနေဖြင့် အသွင်ယူ၍ ဖမ်းဆီးခြင်းများပြုလုပ်နေသလို ခရီးသွားမိဘပြည်သူများအနေဖြင့် YRTC Call Center ဖုန်း- ၀၉-၄၄၈ ၁၄၇ ၁၄၉၊ ၀၉-၄၄၈ ၁၄၇ ၁၅၃၊ ၀၉-၄၄၈ ၁၄၇ ၁၅၄တို့သို့ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ Viber ဖြင့်ဖြစ်စေ သက်သေအထောက်အထားခိုင်လုံစွာဖြင့်တိုင်ကြားနိုင်ကြောင်း သိရသည်။

ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေပုဒ်မ (၅၁) တွင် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်ဦးစီးဌာနသည် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် ထိုသူအား ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊ လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်းဟူသည့် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားရှိကြောင်း YRTC မှ သိရသည်။

သတင်း-လင်းရာမ၊ ဓာတ်ပုံ-ကိုထက်

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄.၇ | ၂၁၁၉.၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄.၁ | ၂၁၈.၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃.၆ | ၅၉၁၀.၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆.၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁.၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမိန့်ကြော်ငြာစာအမှတ် ၃၅ /၂၀၂၂ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမိန့်ကြော်ငြာစာအမှတ် ၃၅ /၂၀၂၂

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ ၊ ပုဒ်မ ၄၂-က နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းအပိုဒ် ၃၅ တို့အရ ပို့ကုန်တင်ပို့သူက ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရမည်ဖြစ်ပါသည်။

၃။ AD လိုင်စင်ရဘဏ်များတွင် စာရင်းဖွင့်လှစ်ထားသည့် ပို့ကုန်တင်ပို့သူများအနေဖြင့် ရရှိလာသော ပို့ကုန်ရငွေများကို ၎င်း၏ ငွေစာရင်းတွင် ထည့်သွင်း၍ ရရှိသည့်အချိန်မှ ရက်ပေါင်း (၃၀) မပြည့်မီကာလအတွင်း အဆိုပါပို့ကုန်ရငွေကို ၎င်းကိုယ်တိုင်အတွက် သုံးစွဲခြင်း၊ AD လိုင်စင်ရဘဏ်မဟုတ်သော အခြားသူများထံသို့ ရောင်းချခြင်း၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

## ယာဉ်စီးခ ပိုမိုတောင်းခံသည့် ယာဉ်လိုင်းများအား CNG ပိတ်သိမ်းခြင်းနှင့် လုပ်ငန်းလိုင်စင် ယာယီရပ်ဆိုင်းခြင်းပြစ်ဒဏ်များ ချမှတ်အရေးယူမည်



ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် YBS ယာဉ်များကို တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၃**

သတ်မှတ်ထားသောယာဉ်စီးခထက် ပိုမိုတောင်းခံသော ယာဉ်များ၊ ယာဉ်နောက်လိုက်(စပါယ်ယာ) တင်သော ယာဉ်များအား စစ်ဆေးဖမ်းဆီးရမိပါက CNG ပိတ်သိမ်းခြင်းပြစ်ဒဏ်၊ ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်းပြစ်ဒဏ်များ ချမှတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

“အရင်က ယာဉ်စီးခပိုတောင်းရင် ယာဉ်မောင်းကို ဒဏ်ငွေ ကျပ် ၃၀၀၀၀ နဲ့ ယာဉ်မောင်းနှင်ပြေးဆွဲခွင့်တစ်လပိတ်တဲ့ ပြစ်ဒဏ်ချမှတ်တာဖြစ်ပါတယ်။ ပြောရရင် ယာဉ်မောင်းကိုပဲ အရေးယူတဲ့သဘောမျိုးပေါ့။

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ✻

## အက်သလက်တီကိုမက်ဒရစ်အသင်း ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ



အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ၈ မှာ စပိန်လာလီဂါလက်ရှိချန်ပီယံအသင်းဖြစ်တဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

**အနိုင်ရရှိခဲ့**

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဘာစီလိုနာအသင်းဟာ ဘောလုံးပိုင်ဆိုင်မှု ၇၁ ရာခိုင်နှုန်းအထိရှိခဲ့ပေမယ့် ဘောလုံးပိုင်ဆိုင်မှု ၂၉ ရာခိုင်နှုန်းသာရှိခဲ့တဲ့ အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့ရတဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ပထမပိုင်းပွဲကစားချိန်အတွင်း သွင်းယူခဲ့တဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ○


**ကြေးမုံ ယနေ့ ဖတ်စရာ**

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၃ ဒသမ ၈၁ သန်းကျော် ရှိလာ**
စာမျက်နှာ » ၁၃

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉၄ ဦး တွေ့ရှိကြောင်း သတင်းထုတ်ပြန်**
စာမျက်နှာ » ၁၅




အခန်းဆက်ဝတ္ထုရှည်
စာမျက်နှာ » ၁၉

**ကမ္ဘာကြီးဟာ ပူလိုက်၊ နွေးလိုက်၊ အေးလိုက် ဒီလိုပါပဲ**
စာမျက်နှာ » ၂၂